www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.200 WEEKLY NEWS JOURNAL 2nd June 2018

## မောင့်ဘက်တန်နှင့်အရှုံးတောင်စစ်ဆင်ရေး



ပါကစ္စတန်နိုင်ငံ၏ သဲကန္တာရသွား ကုလားအုတ်တပ်ရင်း။

## သန်းခေါင်ယံလွတ်လပ်ရေး

အပိုင်း(၁၀)

www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေ့ရောင်ခြည် THE SUN RAYS

Vol.1 No.200 WEEKLY NEWS JOURNAL 2nd June 2018

# Gunboat Diplomacy
# အမြောက်တင်စစ်သင်္ဘောဝါဒ

ရော်နီညိမ်း



www.free4readers.com

# ဟိုးဟိုးမကျော်သည့် ကျော်ဟိုး

ကော(တောင်တန်းပြာ)



တိုက်ကင်းထွက်လာသော တပ်မဟာ(၁)မှ KNU တပ်ဖွဲ့ဝင်များ

အချိန်ကာလကား ၁၉၈၀ပြည့်နှစ် ဩဂုတ်လဖြစ်သည်။ ဩဂုတ်လသည် မိုးလယ်ကာလမို့ ကရင်ပြည်နယ် မြောက်ပိုင်းဖာပွန်ဒေသမှာတော့ မိုးကောင်းတုန်းရှိသေး၏။ ကံမကောင်းအကြောင်းမလှသော ကျွန်တော်တို့ ခမရ(၆)တပ်ရင်းသည် မိုးတွင်းကာလကြီးတွင် စစ်ဆင်ရေးဝင်မိလျက်သား ဖြစ်နေသည်။ စစ်ဆင်ရေးနာမည်က "နေမင်းအောင်စစ်ဆင်ရေး"ဖြစ်သည်။ မိုးတွင်းစစ်ဆင်ရေးမို့ ကျွန်တော်တို့တပ်ရင်းမှာ အတော်ပင်ပန်းလှပါသည်။ ပြီးတော့ ဗိုလ်မှူးစိန်လင်းဦးစီးသော ကျွန်တော်တို့စစ်ကြောင်း (၂)မှာ အထိုင်စစ်ကြောင်းမဟုတ်။ လှုပ်ရှားစစ်ကြောင်းဖြစ်သည်။ ကျွန်တော်တို့စစ်ကြောင်းသည် ဘီးလင်း-ဖာပွန်ဒေသတွင် စစ်ဆင်ရေးဝင်လာသည်မှာ ဘာလိုလိုနှင့် ငါးလပင်ကျော်ခဲ့ပြီ။ စစ်ဆင်ရေးကာလ ခြောက်လမို့ မကြာမီနောက်တန်းပြန်ရတော့မည်၊ ကျွန်တော်တို့တပ်ရင်းကို ခမရ(၁၃)မှ လာရောက်၍ တပ်ချင်းလဲလှယ်မည်ဟုလည်း သိရ၏။ ထို့ကြောင့် တပ်ရင်းတစ်ရင်းလုံးပျော်ကြပါသည်။ ကျွန်တော်တို့တပ်ရင်းအဖို့ သည်စစ်ဆင်ရေးငါးလတာအတွင်း ရန်သူ KNU တို့နှင့် တိုက်ပွဲကြီးကြီးမားမားတော့မဖြစ်ခဲ့ချေ။ KNU တို့သည် အဖွဲ့ငယ်လေးများဖြန့်ခွဲ၍ ချောင်းပစ်ပြေးသည့် အလုပ်ကိုသာ လုပ်ကြသဖြင့် အသေးအမွှားထိတွေ့ပစ်ခတ်မှုလေးတွေသာ ရှိသည်။ ကျွန်တော်တို့တပ်ရင်းစစ် ဆင်ရေးဝင်ရသည့် ဘီလင်းနတ်ကြီး-ဖာပွန်လမ်းကြောင်းနှင့် ဘီလင်းမြစ်ရိုးတစ်လျှောက်တွင် ကျော်ဟိုးဦးစီးသော KNU တပ်မဟာ(၁)က အဓိကလှုပ်ရှားသည်။ သို့သော် ကျော်ဟိုးအဖွဲ့သည် ကျွန်တော်တို့တပ်ရင်းကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်တာမျိုးမလုပ်ဘဲ မိုင်းထောင်၍ချောင်းပစ်သည့် ပြောက်ကျားစစ်မျိုးသာလုပ်ကြလေသည်။ KNUခေါင်းဆောင်ဗိုလ်မြသည် စည်းကမ်းပျက်နေသော တပ်မဟာ(၁)အား ကိုင်ရန်တစ်မြန်နှစ်ကမှ ကျော်ဟိုးအား တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ KNUတွင် တပ်မဟာ(၁)သည် စည်းကမ်းအပျက်ဆုံးဟုနာမည်ကြီးသည်။ အခြားတော့မဟုတ်။ အရက်နှင့်မိန်းမရှုပ်ကြခြင်းဖြစ်သည်။ ဗိုလ်ကအစ တပ်သားအဆုံး မိန်းမရှုပ်ကြသည်။ မိန်းမနှင့်ပတ်သက်၍ဗဟိုကိုတက်လာသောပြဿနာတိုင်းသည် ဗေဒင်မေးကြည့်စရာမလိုဘဲ တပ်မဟာ(၁)ကဟု လူတိုင်းသိကြသည်။ တပ်မဟာ(၁)သည် စည်းကမ်းပျက်တော့ တိုက်ရည်ခိုက်ရည်လည်းမရှိကြ။ တပ်မတော်စစ်ကြောင်းများနှင့်ဖြစ်ပွားသည့် တိုက်ပွဲတိုင်းတွင် ခံရတာကများသည်။ ထို့ကြောင့် ထိုသို့စည်းကမ်းပျက်နေသောတပ်မဟာ(၁)အားကိုင်ရန်စည်းကမ်းကြီး၍သဘောထားတင်းမာသောကျော်ဟိုးအားကိုင်စေခဲ့ခြင်းဖြစ်သည်။ ကျော်ဟိုးသည် တပ်မဟာမှူးပြင် စစ်ဆင်ရေးမှူးပါတွဲကိုင်ရသည်။ တကယ်လည်း ကျော်ဟိုးဆိုသူကား စည်းကမ်းကြီးသည်၊ မောက်မာသည်၊ သဘောထားတင်းမာသည်၊ ထို့ကြောင့် တပ်မဟာ မှူးကျော်ဟိုးအား ငယ်သားတွေက မျက်တောင်လေးထော်၍မျှ မော်မကြည့်ရဲကြချေ။ ကျော်ဟိုးကိုင်တော့ တပ်မဟာ(၁)သည် တိုက်ရည်ခိုက်ရည်လည်း ပြန်ကောင်းလာခဲ့၏။ စည်းကမ်းလည်းပြန်ကောင်းလာခဲ့သည်။ သို့သော် ငယ်သားများအပေါ်မောက်မာလွန်းသဖြင့် အတိုင်အတောခံရသည်။ သည်တွင် KNUခေါင်းဆောင် ဗိုလ်မြက ကျော်ဟိုးအား တပ်မဟာမှူးရာထူးဖြုတ်၍ စောကျော်လင်းအား တပ်မဟာမှူးခန့်အပ်ခဲ့၏။ ကျော်ဟိုးကိုတော့စစ်ဆင်ရေးမှူးတာဝန်ပေး၍ ဘီလင်းမြစ်ရိုးတစ်လျှောက်နှင့် ဘီးလင်း-ဖာပွန်လမ်းကြောင်းတစ်လျှောက် လှုပ်ရှားစေခဲ့သည်။

တစ်ချိန်တစ်ခါတုန်းက စည်းကမ်းမလိုက်နာသောတပ်မဟာ(၁)မှ တပ်မှူးငယ်များအား ဗိုလ်မြကိုယ်တိုင် ဘောသရောရွာတွင် လုံ့စွပ်နှင့်ထိုးသတ် ၍ အရေးယူခဲ့ဖူးသည်။ ကျော်ဟိုးသည် စည်းကမ်းပျက်သော တပ်မဟာ(၁)အား ကိုင်ခါစက တပ်မဟာ(၁)သည် KNUတွင် ဒေါင်ဒေါင်မြည်၍ ဟိုးဟိုးကျော်စေရမည်ဟု ကြုံးဝါး ခဲ့၏။ ကျွန်တော်တို့တပ်ရင်းသည် မကြာမီစစ်ဆင်ရေးကာလပြီးဆုံး၍ နောက်တန်းပြန်ရတော့မည်မို့ ကျွန်တော်တို့တပ်ရင်းတာဝန်ယူရသည့် ဘီးလင်း-ဖာပွန်ဒေသတွင်စစ်ဆင်ရေးအစားထိုးဝင်လာမည့် ခမရ(၁၃)နှင့် တပ်ချင်းလဲလှယ်ရေးသာပြင်ဆင်ကြလေသည်။ သို့သော် တပ်ရင်းနောက်တန်းပြန်ခါနီးမှ ဗိုလ်မှူးစိန်လင်းဦးစီးသော ကျွန်တော်တို့စစ်ကြောင်း(၂)သည် အရေးပေါ်စစ်ဆင်ရေးတာဝန်ပေးအပ်ခြင်းခံရလေသည်။ ထိုစစ်ဆင်ရေးက KNU တပ်မဟာ(၁) စစ်ဆင်ရေးမှူးကျော်ဟိုး၏ စခန်းအားတိုက်ခိုက်ချေမှုန်းရန်ဖြစ်လေသည်။ စစ်ဆင်ရေးမှူး ကျော်ဟိုး၏ စခန်းတည်နေရာကို မနေ့တစ်နေ့ကမှ မိမိသတင်းပေးအမာခံတစ်ယောက်ဆီမှ သတင်းရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စစ်ကြောင်း(၂)မှ ဗိုလ်ကြီးမင်းအောင်ဦးစီးသော ကျွန်တော်တို့ ချေမှုန်းရေးတပ်ခွဲသည် ဘီးလင်းချောင်းဘေးရှိ မဲပလီရွာမှ နံနက်၇နာရီအချိန်တွင် စတင်၍ချီတက်လာကြပါသည်။ ဗိုလ်လှကွန့်ဦးစီး သော ကျွန်တော်တို့တပ်စု(၁)က ပွိုင့်တပ်စုဖြစ်ပြီး ကျွန်တော်တို့တပ်စိတ်က ရှေ့ပြေးပွိုင့်တပ်စိတ်ဖြစ်သည်။ ကျွန်တော့်ပွိုင့်တပ်စိတ်သည် လူသွားလမ်းကြောင်းတွေကိုမသုံးဘဲ တောတိုး၍ချီတက်နေရသဖြင့် ပင်ပန်းလှပါသည်။ ချီတက်ရာလမ်းကြောင်းတစ်လျှောက် တောင့်ကျပျောအုပ်တွေ၊ ဝါးရုံတောအုပ်တွေ ပိတ်ပိတ်သည်းသည်း ပေါက်ရောက်နေသဖြင့် ခက်ခက်ခဲခဲချီတက်လာကြရသည်။

ထိုသို့ချီတက်လာသော ကျွန်တော်တို့တပ်ခွဲသည် တောင်ကြားတစ်နေရာအရောက်တွင် ပွိုင့်ရဲဘော်တပ်သားလှဝင်းက သူ့ရှေ့ဝါးရုံခြေကမြေကြီးကို မသင်္ကာသဖြင့် တပ်စိတ်မှူးဖြစ်သူ ကျွန်တော့်အားသတင်းပို့သည်။ ကျွန်တော်က ရှေ့တက်ပြီး သေချာကြည့်လိုက်ရာ မိုင်းဖြစ်နေ၏။ သည်မိုင်းထောင်ထားခဲ့သည်မှာ သိပ်တော့မကြာသေးချေ။ မိုးရေကြောင့် ခပ်ပါးပါးဖုံးထားသောမြေမှုန့်များပျော်ပြီးဝါယာကြိုးတွေပေါ်နေ၏။ ကျွန်တော်က ထိုမိုင်းကို လုံ့စွပ်ဖြင့် အသာလေးဆွ၍ဖော်ကြည့်ရာ လက်လုပ်မိုင်းအသစ်ဖြစ်နေသည်။ တပ်ခွဲမှူးဗိုလ်ကြီးမင်းအောင်က မနီးမဝေးတွင် ရန်သူတွေရှိနိုင်ကြောင်း ထို့ကြောင့်အထူးသတိထား၍ ချီတက်ကြရန် ကျွန်တော်တို့ပွိုင့်တပ်စုအား သတိပေးသည်။ ကျွန်တော်တို့ချေမှုန်းရေးတပ်စုသည် ဆက်လက်၍ ဝါးရုံတော အုပ်တွေအတိုင်း ဆက်လက်ချီတက်လာကြရာ မိုးချုပ်လာသဖြင့် ခံစစ်အတွက်ကောင်းမည့် တောင်ကုန်းအားရွေးချယ်၍ စခန်းချကြသည်။ ကျွန်တော်တို့တပ်စုသည် မီးခိုးနှင့်မီးရောင်မထွက်အောင် ကျင်းတူး၍ဂလိုင်များဖောက်ကာ ထမင်းချက်ကြရပါသည်။ ထို့အပြင် သည်တောင်ကုန်းကိုကြည့်လျှင် လူသူလေးပါးမရှိသည့် တောင်ကုန်းတစ်ခုလိုထင်မှတ်မှားအောင် တစ်ညလုံး တိတ်တိတ်ဆိတ်ဆိတ်နေရာယူထားကြ၏။ သည်လိုနှင့် တဖြည်းဖြည်း မိုးလင်းသွားပြီ။ ဗိုလ်ကြီးမင်းအောင်ဦးစီးသော ကျွန်တော်တို့ချေမှုန်းရေးတပ်စုသည် ခြေရာလက်ရာများဖျက်၍ ထိုတောင်ကုန်းမှဆက်လက်၍ ချီတက်လာကြ၏။ မြောက်ဘက်တောင်ကြောအတိုင်း အထူးသတိထားပြီး တရွေ့ရွေ့ချီတက်လာကြသည်။ ထိုသို့ချီတက်လာကြရင်း တောင်ကြားတစ်ခုထဲသို့ အဆင်းတွင် မျက်နှာချင်းဆိုင်တောင်ကြောမှ ဝါးခုတ်သံနှင့်စကားပြောသံများ ခပ်သဲ့သဲ့ကြားရသဖြင့် တပ်ခွဲမှူးဗိုလ်ကြီး မင်းအောင်က ရန်သူဖြစ်နိုင်ကြောင်းသုံးသပ်သည်။

ကျွန်တော်တို့ပွိုင့်တပ်စုသည် တောင်ကြားထဲရှိ ချောင်းငယ်လေးတစ်ခုအနီးသို့ ရောက်လာကြသည်။ သို့သော်ရှေ့ဆက်တိုး၍ ရန်ိုးရန်ိုးနှင့်တောတိုးလာကြသော်လည်း ကြခတ်ဝါးရုံစုများသည် လူတစ်ကိုယ်စာဝင်လို့မရနိုင်အောင်ပင် ရှုပ်ယှက်ခတ်အောင်ပိတ်နေသဖြင့် တိတ်တဆိတ်နောက်ကြောင်းပြန်ဆုတ်ကြပြီး တောင်ကြောပေါ်တက်၍ နေရာပြန်ယူထားကြသည်။ တပ်ခွဲမှူးဗိုလ်ကြီးမင်းအောင်က တပ်စု(၁)တပ်စုမှူးဗိုလ်လှကွန့်ဦးစီးလက်ရွေးစင် ၃၁ယောက်ရွေးချယ်၍ တပ်စိတ်လေးစိတ်ဖွဲ့ပေးလိုက်သည်။ ထိုလက်ရွေးစင်တပ်စိတ်မှ တပ်စိတ်မှူးများသည် တပ်ကြပ်လုံးထော်၊ ကျွန်တော်တပ်ကြပ်ထင်ဇော်၊ တပ်ကြပ်သန်းမြင့်၊ ဒုတပ်ကြပ် မောင်စိုးတို့ဖြစ်ကြသည်။ တပ်စုတပ်ကြပ်ကြီးက တပ်ကြပ်ကြီးတင်ရွှေဖြစ်သည်။ တပ်စုမှူးက ဗိုလ်လှကွန့်ဖြစ် ၏။ ဗိုလ်လှကွန့်ဦးစီးသော ကျွန်တော်တို့ချေမှုန်းရေးတပ်စုသည် တပ်ခွဲမှူးဆီမှ တိုက်စစ်အမိန့်ရသည်နှင့် တစ်ပြိုင်နက် စောစောက ဝါးခုတ်သံနှင့် စကားပြောသံတွေကြားရသောတောင်ကြောအား တဖြည်းဖြည်းချဉ်းကပ်လာကြသည်။ တပ်ခွဲမှူးဗိုလ်ကြီးမင်းအောင်နှင့် ကျန်တပ်စုက လက်ရှိတောင်ကုန်းပေါ်မှာနေရာယူခဲ့ပြီး စက်လက်နှင့်နှစ်လက်မစိတ်ပြောင်းဖြင့် ပစ်ကူပေးရန် ပြင်ဆင်ထားကြသည်။ သည်တစ်ခါ ပွိုင့်တပ်စိတ် ကတပ်ကြပ်လုံးထော်တပ်စိတ်ဖြစ်သည်။ ကျွန်တော်တို့တပ်စုသည် အတတ်နိုင်ဆုံး အသံဗလံမထွက်အောင် အထူးဂရုစိုက်ကြရသည်။ သို့သော် ထိုသို့ထူထပ်လှသော တောအုပ်နှင့်တစ်ချက်တစ်ချက်လေတိုးသံများက ကျွန်တော်တို့အတွက် အခွင့်ကောင်းတစ်ခုဖြစ်စေလေသည်။ ဝါးခုတ်သံနှင့် စကားပြောသံတွေက နီး၍နီး၍လာသည်။ ရန်သူတွေဆိုတာတော့သေချာပြီ။

တစ်နေရာအရောက်တွင် အင်ပင်နှင့်ကွျန်းပင်ခြေများတွင် ခြောင့်များထောင်ထားသည်ကိုတွေ့ကြရ သည်။ ကျွန်တော်တို့မှာ ချွန်မြနေသော ခြောင့်များကိုကြည့်ပြီး အသည်းတယားယားဖြစ်ကြသေးသည်။ ခြောင့်များအပြင် မိုင်းများလည်းရှိနိုင်သဖြင့် မသင်္ကာသော နေရာမှန်သမျှကို ရှောင်ကွင်း၍ချဉ်းကပ်လာကြရသည်။ ထိုသို့ချဉ်းကပ်လာကြရင်း ဝါးသုံးပြန်ခန့်အကွာတွင် KNUကင်းသမားနှစ်ယောက်ကို တပ်ကြပ်လုံး ထော်ပွိုင့်တပ်စိတ်က စတင်တွေ့ရှိကြသည်။ ကင်းသမားနှစ်ယောက်မှာ ဆေးလိပ်ဖွာရင်း စကားပြောနေကြ၏။ သို့သော် ပစ်ကွင်းမရှင်းသဖြင့် ခြေဆယ်လှမ်းခန့်ရှေ့တိုးပြီးမှ ပွိုင့်တပ်စိတ်က KNUကင်းသမားနှစ်ယောက် ကို စတင်ပစ်ခတ်ရာတစ်ယောက်လဲကျသွားပြီးတစ်ယောက်ကထွက်ပြေးသွားသည်။ သည်တွင်ချေမှုန်းရေး ခေါင်းဆောင်ဗိုလ်လှကွန့်က တပ်ကြပ်လုံးထော်၏ ပွိုင့်တပ်စိတ်နှင့် ဒုတပ်ကြပ်မောင်စိုးတပ်စိတ်ကို ရှေ့ဝါး သုံးပြန်အထိ တိုးစေပြီး ဆက်လက်ပစ်ခိုင်းထားသည်။ ကျွန်တော့်တပ်စိတ်နှင့်တပ်ကြပ် သန်းမြင့်တပ်စိတ်ကို ဘယ်ဘက်ခြမ်းကနေဝင်ပြီး ပစ်ခတ်စေပါသည်။ ထိုအချိန်တွင် KNUအင်အား၂၀ခန့် ချက်ချင်းရောက်လာပြီး ကျွန်တော်တို့တပ်စုအား အတင်းပစ်ခတ်၍ ခုခံထားကြသည်။ ကျွန်တော်တို့တိုက်ပွဲဖြစ်နေသောနေရာသည် ခပ်ပြန့်ပြန့်ဆင်ခြေလျှောတွင်ဖြစ်ပြီး ဆင်ခြေလျှောအောက်တွင် လျှိုတစ်ခုရှိသည်။ ဝါးရုံတောအုပ်တွေ နည်းနည်းပါးသဖြင့် ဝါးသုံးလေးပြန်အကွာတွင် ဝါးရုံတွေ အင်ပင်တွေကို အကာအကွယ်ယူ၍ ခုခံနေကြသော KNUတွေကိုမြင်နေရသည်။ KNU တွေကလည်းမခေပါ။ ကျွန်တော်တို့ကို ၃. ၅လောင်ချာ၊ အမ် ၇၂လောင်ချာ၊ အာရ်ပီဂျေတို့ဖြင့် တစ်အုန်းအုန်းတစ်ဂျိမ်းဂျိမ်းပစ်ခတ်လာကြလေသည်။

သည်တွင်တပ်ခွဲမှူးအဖွဲ့က နှစ်လက်မမော်တာဖြင့် KNU တွေနေရာယူထားသော ဆင်ခြေလျှောတစ် လျှောက်ပစ်ခတ်ပေးသည်။ KNU ၁၀ယောက်ခန့်ထပ်ရောက်လာပြီး ပူးပေါင်းလာကြသည်။ KNUများသည် တော်တော်နှင့် မဆုတ်ကြဘဲပေ၍ခုခံနေကြ၏။ သည်တွင် တပ်စုမှူး ဗိုလ်လှကွန့်က တပ်စိတ်လေးစိတ်မှ ဂျီဖိုးသမားတွေနှင့် အဲမ်၇၉လောင်ချာ သမားတွေဆွဲထုတ်စေပြီး တစ်နေရာတည်းမှာစုပေါင်း၍အတင်းဖိပစ်ခိုင်းသည်။ သည်တော့မှ KNU များသည်ဂျီဖိုး ရှစ်လက်နှင့် အဲမ်၇၉ လောင်ချာ သုံးလက်၏ပစ်အားကို မခံနိုင်တော့ဘဲ ဆင်ခြေလျှောအောက်က လျှိုထဲသို့ပြေးဆင်းသွားကြတော့သည်။ ကျွန်တော်တို့တပ်စုလည်း ချက် ချင်းပင်ရှေ့တက်အောင်မြေချဲ့၍ တပ်စုတစ်စုလုံးက KNU စခန်းကို ဝိုင်းပစ်ကြသည်။ KNUစခန်းသည် အင်ဖက်မိုးအင်ဖက်ကာသော တဲခြောက်လုံးခန့် ဖြစ်သည်။ စခန်းထဲရှိ KNU၁၀ယောက်ခန့်က ငါးမိနစ်ခန့်သာခုခံကြပြီး သူတို့လည်း လျှိုထဲပြေးဆင်းသွားကြရာ ကျွန်တော်တို့တပ်စုက စခန်းတစ်ခုလုံးအား သိမ်းပိုက် လိုက်ကြပါသည်။ စခန်းတစ်ခုလုံးရှင်းလင်းကြရာ KNUတပ်မဟာ(၁)တပ်မဟာမှူးဟောင်းနှင့် စစ်ဆင်ရေးမှူး ဗိုလ်မှူးကျော်ဟိုးအပါအဝင် KNUအလောင်းလေးလောင်း၊ ကာဘိုင်နှစ်လက်၊ အမ်၇၂ လောင်ချာရှစ်လက်၊ အမ် ၁၆ နှစ်လက်နှင့် ခဲယမ်းမီးကျောက်များ သိမ်းဆည်းရမိကြပါသည်။ သည်တိုက်ပွဲက KNU တပ်မဟာမှူးအဆင့်ရှိ ခေါင်းဆောင်တစ်ဦးအား အသေရမိသောတိုက်ပွဲဖြစ်လေသည်။ သည်နည်းဖြင့် တစ်ချိန်က ဘီလင်းမြစ်ရိုး တစ်လျှောက် ဟိုးဟိုးကျော်စေရမည်ဟု ကြုံးဝါးခဲ့သော တပ်မဟာမှူးဟောင်း ကျော်ဟိုးတစ်ယောက် ဟိုးဟိုးမကျော်နိုင်တော့ဘဲ ဘဝနိဂုံးအဆုံးသတ်ခဲ့ရလေသည်။

ကော(တောင်တန်းပြာ)

ဝန်ခံချက်။ ။ ၁၉၈၀ခုနှစ်၊ KNUတပ်မဟာ (၁)မှူးနှင့် စစ်ဆင်ရေးမှူးကျော်ဟိုးစခန်းအား တိုက်ခိုက်သိမ်းပိုက်ရာတွင် ပါဝင်ခဲ့သည့် ထိုစဉ်က အကြပ်တစ်ဦးပြောပြခဲ့သော ဖြစ်ရပ်မှန်အား စာရေးသူမှခံစားတင်ပြခြင်းဖြစ်ပါသည်။

THE SUN RAYS



www.free4readers.com



# ပညာရှင်တို့၏တောင်သမန်ဝန်းကျင်ကွန်သာယာ

## Intellectuals' Shelter Around The Lake Taungthaman

တင်ထွန်း(မန္တလေး)

"မင်္ဂလာပါ မဒမ်။ မန္တလေးက ကြိုဆိုပါတယ်။ နေကောင်းလားဗျ"

"မင်္ဂလာပါ၊ မွန်စီယာ။ နေကောင်းပါတယ်ရှင့်၊ ကျေးဇူးပဲ။ ရှင် ရောဘယ်လိုလဲ"။

"နေကောင်းပါတယ်ဗျ၊ ကျေးဇူးတင်ပါတယ်။ အခု ဘယ်အရင် သွားမလဲ၊ မဒမ်"

"မနက် စောစော သာယာလိုက်တာ။ မန္တလေးက ကိုယ့်မြို့ ကိုယ့်ရွာလို ဖြစ်နေတာမို့၊ ကျွန်မ လုပ်ချင်တာတွေအများကြီးပဲ။ စာရေးဆရာမကြီး လူထုဒေါ်အမာနဲ့ မနက် တစ်ဆယ်နာရီခွဲ ချိန်းထားတယ်။ ပြီးရင် အမရပူရတောင်လေးလုံးကျောင်းဆရာတော် ဦးပညာဇောတ...ဟို... စာရေးဆရာ ကိုပညာ (အမရပူရ) လေ။ သူ့ဆီ သွားမယ်၊ မွန်စီယာ"

"ဟုတ်ကဲ့၊ မဒမ်"



ဆရာတော် ဦးပညာ (အမရပူရ)၊ မဒမ်ဘဲနီနှင့်အတူ (၁၉၉၇)
(စာရေးဆရာတက္ကသိုလ် မောင်စောလွင် အမှတ်တရ မည်စည်ပင်အောက်မှာ)

မန္တလေးမြို့ ချမ်းမြသာစည် လေဆိပ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ဆောဘွန်းတက္ကသိုလ် အရှေ့တိုင်းဘာသာဌာန အငြိမ်းစားပါမောက္ခ မဒမ်ဘဲနီကို ကြိုဆိုလိုက်သည်။ ပြင်သစ်အဖွားအို မဒမ်ဘဲနီသည် ငယ်စဉ်က မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့ရယူရန် တက်ရောက်ခဲ့ဖူးသည်။ မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှူး ပါမောက္ခဖြစ်ခဲ့သူ ဒေါက်တာသန်းထွန်းနှင့် သူငယ်ချင်း ဖြစ်သည်။

မြန်မာနှင့်ပြင်သစ် နှစ်နိုင်ငံကြားတွင် ပထမဆုံး မြန်မာ-ပြင်သစ် အဘိဓာန်စာအုပ်ပြုစုသူ ဖြစ်သည်။ ထိုအဘိဓာန်စာအုပ်မှာ မြန်မာအက္ခရာ 'က' မှ 'အ' ထိ အက္ခရာစဉ်အတိုင်း မြန်မာစာနှင့် ပြင်သစ်စာကို ယှဉ်တွဲဖော်ပြသည်။ မိမိသိလိုသော ပြင်သစ်ဝေါဟာရကို ရှာဖွေရသည်မှာ အလွန်လွယ်ကူသည်။ အဘိဓာန်စာအုပ် အစမှအဆုံးထိ ၁၂ တွဲရှိပြီး၊ သရုပ်ပြပုံများ ပါရှိသည်။ အဖုံး ဆန္ဒင်းရောင်၊ အတွင်း အဖြူအနက်နှင့် လျှောက်လွှာစာရွက်ဆိုက်ဖြစ်သည်။ စာအုပ်အားလုံးထပ်ပုံလိုက်လျှင် တစ်တောင်ကျော်ခန့် ထူသည်။

မန္တလေးတက္ကသိုလ်နှင့် မန္တလေးမြို့ခံ စာပေပညာရှင် အသိုက်အဝန်းတွင် ၁၁ နှစ်တိုင်တိုင် တရား ဝင်လာရောက်၍ မြန်မာစာပေကို လေ့လာကြိုးပြင်းခဲ့သူဖြစ်သည်။ မြန်မာစာပေနှင့် မြန်မာဘာသာစကားကို မြန်မာလူမျိုးများ အံ့သြရလောက်အောင် ပြောဆိုရေးသားနိုင်သူဖြစ်သည်။ ပြင်သစ်လူမျိုးများထဲတွင် မြန်မာစာပေလေ့လာမှု၌ မဒမ်ဘဲနီကိုမီသူ ရှိမည်မထင်ပေ။ ပြင်သစ်နိုင်ငံတွင် မြန်မာအသင်း၏ နာယက ဖြစ်သည်။ အသက် ၇၀ ကျော်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယဒေသမှ 'တောင်ရိုးစကား'၊ အသက် ၇၅ ဝန်းကျင်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါနယ်မှ 'ယောသားနှင့်ယောစကား' အစရှိသည့် မြန်မာနိုင်ငံ မြန်မာလူမျိုးများအတွက် အကျိုးပြုစာပေများကို ပြုစုခဲ့သူ ဖြစ်သည်။

"မွန်စီယာ၊ အခုမှ ရှစ်နာရီခွဲပဲ ရှိသေးတော့၊ ကျွန်မမှာ အချိန်နှစ်နာရီ လောက်ပိုနေတယ်။ မန္တလေးတက္ကသိုလ်စာကြည့်တိုက်မှာ တစ်နာရီ လောက် စာဖတ်ချင်တယ်။ ပြီးမှ ဒေါ်အမာဆီ သွားမယ်လေ"

**လူစိမ်းဆန်သော မန်းတက္ကသိုလ်**

တိုယိုတာခရက်စတာအဖြူရောင် ဆလွန်းကားဖြင့် မဒမ်ဘဲနီကို တင်ဆောင်လာသည်။ ချမ်းမြသာ စည်လေဆိပ်မှ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ရန်ကုန်-မန္တလေးလမ်းအတိုင်း မောင်းနှင်သည်။ ဘွဲ့နှင်းသဘင်ခန်းမတည်ရှိရာ အနောက်ဘက်ဂိတ်မှ ဝင်လာသည်။ အနောက်မှ အရှေ့သို့ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်မြောက်ဘက်ဘေးလမ်း အတိုင်းမောင်းသည်။ တက္ကသိုလ်ဓမ္မာရုံထောင့်တွင် မြောက်ဘက်သို့ ကွေ့ကာ မန္တလေးတက္ကသိုလ် မိန်းဘစ်လဒင်း (ပင်မဆောင်)သို့သွားသည်။ ထို့နောက် အရှေ့တောင်ထောင့်တွင်တည်ရှိသော မန္တလေးတက္ကသိုလ် စာကြည့်တိုက်ခေါ် ဦးရာဇာတ်ခန်းမရှေ့တွင် ကားကို ရပ်တန့်လိုက်သည်။

"မွန်စီယာ၊ ကျွန်မဆီမှာ ပြင်သစ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကြိုတင်ပြီး ကျွန်မအတွက် ခွင့်တောင်းထားလို့၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ စာဖတ်ခွင့်ပြုသည်ဆိုတဲ့ စာတစ်စောင်ပါတယ်။ ပြီးတော့ ညွှန်ကြားရေးမှူးဒေါ်နီနီမြင့် (တက္ကသိုလ်များ သမိုင်းသုတေသနဌာန) ရေးပေးထားတဲ့ လိုအပ်သလို ကူညီပါဆိုတဲ့ စာတစ်စောင်လည်း ပါတယ်။ (ထိုစာကို အသုံးမပြုခဲ့ပါ) လိုအပ်ရင်ပေါ့။ ရှင်စာကြည့်တိုက်မှူးကို အကျိုးအကြောင်းပြောပြပါ။ အဓိက၊ ကျွန်မအနေနဲ့ မန္တလေးမှာ မထင်မှတ်တဲ့ အချိန်ပိုလေးအတွင်း စာဖတ်ချင်လို့ပါရှင့်"

"ဟုတ်ကဲ့၊ မဒမ်"

မန္တလေးတက္ကသိုလ် စာကြည့်တိုက် ပထမထပ်သို့ နှစ်ဦးစလုံး တက်လိုက်သည်။ နံနက်ကိုးနာရီ ထိုးတော့မည်ဖြစ်၍ စာကြည့်တိုက်မှူးကို အဆင်သင့် တွေ့ရသည်။ မန္တလေးတက္ကသိုလ် စာကြည့်တိုက်တွင် ခေတ္တစာဖတ်ခွင့်ပြုပါရန် မေတ္တာရပ်ခံသည်။ စာကြည့်တိုက်မှူးက မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ထံ သို့သွား၍ ခွင့်တောင်းခံပါရန် ပြောသည်။ ထို့ကြောင့် စာကြည့်တိုက်ပေါ်မှ ဆင်း၍၊ မန္တလေး တက္ကသိုလ် ပင်မအဆောက်အအုံကြီး၏ တောင်ဘက်လှေကားခြေရင်းသို့ ကားဖြင့် သွားရပြန်သည်။ ကားပေါ်မှဆင်းပြီး၊ တောင်ဘက်လှေကားကို တက်သည်။ ပင်မ အဆောက်အအုံကြီးထဲသို့ ရောက်သည်။ ပါမောက္ခချုပ်၏ ရုံးခန်းမှာ မြောက်ဘက်လှေကား၏ အတွင်းဘက် အရှေ့မှအနောက်သို့ မျက်နှာပြု ဖြစ်သည်။ ရုံးခန်းအနီးတွင် ရုံးအကူဝန်ထမ်းတစ်ယောက် ရှိသည်။ နံနက်ကိုးနာရီ ထိုးပြီ။ ပါမောက္ခချုပ် ရောက်မလာသေးပါ။ ထို့ကြောင့် ရုံးဝန်ထမ်းကို အကျိုးအကြောင်း ပြောထားနှင့်သည်။ ဆရာကြီးနှင့် တွေ့ဆုံ၍ စာကြည့်တိုက်တွင် ခေတ္တ စာဖတ်ခွင့်တောင်းလိုကြောင်း ပြောလိုက်သည်။ ထိုအချိန်က မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်မှာ (????) ဘာသာရပ်မှ ဆရာကြီး (??) ဖြစ်သည်။

မကြာမီ ဆလွန်းကားတစ်စီး မြောက်ဘက်လှေကားခြေရင်းတွင် ရပ်သည်။ ပိန်ပိန် အသားဖြူဖြူနှင့် လက်ဆွဲသေတ္တာအနက်ကို ဆွဲကာ တက်လာသည်။ ရုံးဝန်ထမ်းက ပါမောက္ခချုပ်ကို ကြိုဆိုသည်။ ပါမောက္ခချုပ်က ရုံးခန်းနှင့် ခပ်လှမ်းလှမ်းရှိ နိုင်ငံခြားသူ အဖွားအိုကို မသိမသာ အကဲခတ်သည်။

"..... သူတို့က ဆရာကြီးနဲ့ တွေ့ချင်လို့"

"ဘာကိစ္စလဲ"

"မန္တလေးတက္ကသိုလ် စာကြည့်တိုက်မှာ ခဏစာဖတ်ချင်လို့၊ ဆရာကြီးဆီ ခွင့်လာတောင်းတာ"

"ပြောလိုက်ကွာ၊ ချိန်းထားတာမဟုတ်ရင် အတွေ့မခံဘူး။ စာဖတ်ချင်ရင် အ-ဆ-ည က ဒေါက်တာ ?? ဆီ ခွင့်သွားတောင်း"

ပါမောက္ခချုပ်နှင့်ရုံးဝန်ထမ်းပြောနေသည့်စကားကိုအတိုင်းသား ကြားနေရသည်။ ပြင်သစ်အဖွား အိုမှာ မန္တလေးတက္ကသိုလ်ထွက် မြန်မာစာပါမောက္ခအငြိမ်းစား ဖြစ်သဖြင့်၊ မြန်မာစကားအကုန်လုံး နားလည် ပါသည်။ ကြားလျှင်ကြားချင်း အလွန်စိတ်မကောင်း ဖြစ်သွားသည်။ ဝန်ထမ်းမှာ မျက်နှာငယ်ဖြင့် အားနာစွာ လာပြောရှာသည်။ ဆရာကြီးကတော့ ခပ်မာမာပင်၊ ရုံးခန်းထဲသို့ တန်းဝင်သွားသည်။

"မွန်စီယာ၊ ပြင်သစ်နိုင်ငံ ပါရီမြို့ကို မြန်မာနိုင်ငံက ဆရာ၊ ဆရာမတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေလာရင် အစစအရာရာ ကျွန်မ ကိုယ်တိုင် အကူအညီပေးတယ်။ သူတို့အခက်အခဲတွေကို ဖြေရှင်းပေးတယ်။ ကျွန်မက မြန်မာတွေကို သိပ်ချစ်တာ။ ကျွန်မက မန္တလေးတက္ကသိုလ် ကျောင်းသူဟောင်းလေ။ ဆရာကြီးကို မသိပေမဲ့၊ ကျွန်မ နှုတ်ဆက်ချင်တယ်၊ စကားပြောချင်တယ်။ အခုကျတော့ သူစိမ်းဆန်လိုက်တာ၊ လူစိမ်း... ဆန်..."ဟု ပြင်သစ်အဖွားအိုမှာ ဝမ်းနည်းပန်းနည်းဖြင့် အသံ ဆို့နင့်သွားသည်။

"မဒမ်၊ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

"အိမ်ရှင်အနေနဲ့ တစ်ပြည်တစ်ရွာက ဧည့်သည်ကို၊ ကျောင်းသူဟောင်းကို...။ ကျွန်မတို့ဆီမှာ ဒီလို မလုပ်ဘူး။ သူပြောတဲ့ အ-ဆ-ည ဆိုတာ"

"အဆင့်မြင့်ပညာ ဦးစီးဌာနကိုပြောတာ။ လမ်း ၈၀ နဲ့ ၃၅ လမ်း ထောင့်မှာ။ ဟိုမှာ ဒေါက်တာ??က ရှိဦးမှ၊ ခွင့်ပြု-မပြုရှိသေးတယ်၊ မဒမ်"

"အင်း... မန္တလေးတက္ကသိုလ်က မြို့တောင်ပိုင်း၊ အ-ဆ-ညက မြို့လယ်။ ခွင့်ပြုရင်တောင် သွားလိုက်ပြန်လိုက်နဲ့ကျွန်မစာဖတ်ချိန်မရ လောက်တော့ဘူး။ ကျွန်မအမကြီး ဒေါ်အမာ့အိမ်ကိုသာပို့ပါတော့ရှင်"

မန္တလေးတက္ကသိုလ်မှ လူထုပုံနှိပ်တိုက်နှင့် စာအုပ်ဆိုင်သို့ ကားမောင်းခဲ့သည်။ ရှေ့ရောက်သည်နှင့် တစ်ဆယ်နာရီခွဲ ကွက်တိဖြစ်သည်။ တိုက်သံတံခါးပွင့်လာကာ အမေလူထု ဒေါ်အမာနှင့် မဒမ်ဘဲနီသည် ညီအစ်မ အရင်းချာသဖွယ် ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။

"မဒမ်၊ ကျွန်တော် ဘယ်အချိန် လာကြိုရမှာလဲ"

"နေ့လယ် တစ်နာရီ၊ မွန်စီယာ၊ ကျေးဇူးတင်ပါတယ်"

"အေး အေး သား၊ ဖြည်းဖြည်းသွား"ဟု အမေ ဒေါ်အမာက တိုက်ဝမှ ပြောသည်။

အမေ ဒေါ်အမာကအထဲမှ နှုတ်ဆက်ရှာသည်။ စာရေးဆရာ ညီပုလေးက မဒမ်ဘဲနီကို ကားဆီသို့ ပို့ပေးသည်။

"အခု ဘယ်သွားကြမလဲ ဗျာ့"

"အမရပူရ တောင်လေးလုံးကျောင်း ဆရာတော် ဦးပညာဆီသွားမှာ"

"ခင်ဗျား ကားမောင်းနိုင်တယ်နော်။ ကျွန်တော်ဖြင့် အပြင်ထွက်ကာစ၊ ကားတွေ ဆိုင်ကယ်တွေ ရှုပ်လိုက်တာ။ သတိထား မောင်းနော်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ မနက်ဖြန် စစ်ကိုင်းဘက်က ညောင်ကုန်းရွာနဲ့ ဒေါင်းမရွာကို ပို့ပေးရဦးမှာ။ မဒမ်ဘဲနီနဲ့ သူ့တပည့်က 'ရွှေခတ်စက္ကူအကြောင်း' ကို သုတေသနစာတမ်း လုပ်နေတာ။ အဲဒီကအပြန်ကျမှ သူက စာအုပ်တွေဝယ်ရင်း အမေကိုလာနှုတ်ဆက်ဦးမှာ။ သွားပြီဗျို့၊ တောင်သမန်"

ဆလွန်းကား အဖြူရောင်သည် မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၂လမ်း ထောင့် လူထုပုံနှိပ်တိုက်မှ တောင်ဘက်ခုနစ်မိုင်ကွာ အမရပူရမြို့သို့ မဒမ်ဘဲနီကို သယ်ဆောင်ခဲ့သည်။

**တောင်သမန်ဝန်းကျင်မှ သုတေသီရဟန်း**

'အမရပူရ ရွှေမြို့တော်'မြောက်ဘက် ကျုံးမြို့ရိုးကို အနောက်စွန်ရန်မျိုးအောင်တံခါးမှ ဖြတ်သန်း၍၊ 'မြနန်းဘုံစံ' နန်းမြို့တော်သို့ ဝင်သည်။ လက်ယာဘက်တွင် 'ဆင်ကျို့ရွှေဂူ' အနောက်မြောက် မြို့ထောင့် ဘုရားကို မြင်ရသည်။ မန္တလေး-မြစ်ကြီးနား ရထားသံလမ်းကျော်သည်နှင့် လက်ဝဲဘက်တွင် 'အောင်နန်းစံရာ' ရွှေနန်းတော်ရာ၌ အဝါရောင် နန်းမြင့်နှင့် ရွှေတိုက်ကို မြင်ရသည်။ တောင်ဘက်မြို့ရိုးကို အနောက်စွန် နန္ဒမူတံခါးမှ ထွက်သည်။

"တမ္ဗဒီပ၊ တိုင်းချက်မဟု
ပန်းယ မြင်စိုင်း၊ စစ်ကိုင်း အင်းဝ
ရံကြ ရေညို၊ မြလို ရောင်ပြေး
မန္တလေး ကို၊ ပေး ရွှေဗျာဒိတ်
အတိတ် နာဂတ်၊ မင်းမြတ်ရာဇာ
စကြာမင်း ထုံး၊ ဇမ္ဗူလုံးကို
အုပ်ဖုံးတေဇာ၊ တန်ခိုးဖြာ၍
မဟာ အမရ၊ ပူရ ရွှေပြည်
သာမောစည်သည်၊

နတ်ပြည်တည့် ယိုမှားဖွယ်တည့်လေး" ဟူ၍ သက္ကရာဇ် ၁၁၄၃ ခုနှစ် တပေါင်းလဆန်း ၁၀ရက် စနေနေ့က စပ်ဆိုပြီးစီးခဲ့သော 'အမရ ပူရမြို့ဘွဲ့ ၁၂ ရာသီလူးတား'ကို တောင်သမန်အင်း မြောက်ဘက် တန့်ပေါင်ပေါ်တွင် ကားမောင်းရင်း ရွတ်ဆိုလိုက်သည်။

"ဟုတ်လှချည်လား၊ မွန်စီယာ။ ဆွဲဆွဲငင်ငင်နဲ့ ဆိုတဲ့အသံ ကောင်းလိုက်တာ"

"ကျေးဇူးတင်ပါတယ်၊ မဒမ်။ 'လူးတား'လို့ ခေါ်ပါတယ်။ အသံရှည်ရှည်ဆွဲဆိုရတဲ့ လေးလုံးစပ် ကဗျာတစ်မျိုးပါ။ အမရပူရမြို့အကြောင်းကို ခရစ်နှစ် ၁၇၈၁ က စာဆိုတော်ဦးယာစပ်ဆိုခဲ့တာပါ ခင်ဗျာ"

မန္တလေးရတနာပုံမ်တောင်ဘက်အုတ်မြို့ရိုးနှင့်ကျုံးအကြား အနောက်မှအရှေ့သို့ ကားမောင်းနေရ သကဲ့သို့ ဖြစ်သည်။ တောင်ဘက်ခြမ်းတွင် တောင်သမန်အင်း၊ မြောက်ဘက်ခြမ်းတွင် အုတ်မြို့ရိုးလက်ကျန် ဆုံးသည်နှင့် အနောက်တောင် မြို့ထောင့် ရွှေလင်းပင်ဂူဘုရားကိုတွေ့ မြင်ရသည်။ ဘုရားအနောက်ဘက်တွင် အမရပူရရွှေမြို့တော်အနောက်ကျုံးသည် ကိုင်းပင်၊ မြက်ပင်၊ ရှင်မွေးလွန်းပင်အပြည့်နှင့် တောင်မြောက်တန်းလျက် တိမ်ကောနေသည်။ ဘကြီးတော်မင်း ၁၈၅၀ခုနှစ်ကတည်ခဲ့သော အမရပူရ စည်းခုံတော် (ပုထိုးတော်ကြီး)နှင့် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းထောင့်မရောက်မီ တရုတ်တန်းလမ်းအတိုင်း တောင်သို့ မောင်းနှင်သည်။ လမ်းအနောက်ဘက်တွင် ကွမ်ယင်စီဘုံကျောင်းနှင့် နဂါးရုံဘုရား၊ အရှေ့ဘက်ခြမ်းတွင် ကျော်အောင်စံထားနှင့် မဟာဂန္ဓာရုံကျောင်းတိုက်ကို ဖြတ်သန်းသည်။ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး ဘုရားနှင့်အောင်ခြင်းရှစ်ပါး ကျောင်းတိုက်ကို လွန်သော် သတ္တဌာနဘုရားနှင့် တောင်မင်းကြီးဘုရားကို မျက်နှာမူနေသော တောင်သမန်အင်းစောင်းမှ ဆရာတော်ဦးပညာ ဇောတ၏ တောင်လေးလုံးကျောင်းတိုက်သို့ ဆိုက်ရောက်သည်။

'ဘုန်းဘုန်း၊ နေကောင်းလား ဘုရား'

'ဟာ မတွေ့တာတောင်ကြာပြီ။ နေကောင်းတယ်၊ မင်းရော'

'တင်ပါ၊ နေကောင်းပါတယ်ဘုရား။ ဧည့်သည်ပါတယ်၊ နိုင်ငံခြားသူ

စာမျက်နှာ(၂၀) သို့

www.free4readers.com



မြန်မာပြည်ရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကိုကြည့်မယ်ဆိုရင် ရန်ကုန်မြို့ကြီးကိုချန်ထားခဲ့လို့မရနိုင်ပါဘူး။ တကယ့်လက်တွေ့ဘဝတွေရှင်သန်ရုန်းကန်နေရတာကရန်ကုန်မြို့ကြီးကလူတွေပါပဲ။ ပြောမယ်ဆိုရင် ရန်ကုန်မြို့ကြီးက လူနေမှုဘဝတွေကိုကြည့်မှ မြန်မာနိုင်ငံရဲ့လူနေမှုဘဝတွေကို မြင်ရမှာပါ။ ဒီအချက်ကိုလျစ်လျူရှုထားခဲ့မယ်ဆိုရင် အကာကိုမြင်ပြီး အနှစ်တွေကိုမမြင်သလိုဖြစ်နေပါလိမ့်မယ်။ ပြောမယ်ဆိုရင်မြန်မာပြည်ရဲ့မြို့တော်ဟာရန်ကုန်မြို့ကြီးပါပဲ။ နေပြည်တော်က တောကြီးတစ်ခုပါပဲ။ မြန်မာပြည်သူတွေကိုကိုယ်စားပြုတဲ့လူဆိုတဲ့လူတွေက ပြည်သူတွေမနေတဲ့တောထဲမှာနေပြီးကိုယ်စားပြုနေတာကိုပြန်စဉ်းစားကြည့်ပါ။ တောထဲမှာအနေများရင်လူမှုဘဝ၊ လူမှုဒုက္ခတွေကိုဘယ်လိုမှမမြင်နိုင်တော့ပါဘူး။ ပြည်သူတွေကို ကိုယ်စားပြုဖို့အော်နေကြတာပဲဖြစ်နေမှာပါ။ ပြည်သူနဲ့အတူဆိုတဲ့သူတွေ ကပြည်သူတွေနဲ့ဝေးရာမှာနေတယ်ဆိုတာတွေးစရာဖြစ်နေပါတယ်။ တိုင်းပြည်မှာပြည်တွင်းစစ်တွေတောင်တန်းဒေသတွေမှာဖြစ်နေကြတယ်။ တောင်ပေါ်တောင်တန်းဒေသနေတိုင်းရင်းသားတွေစစ်ဒဏ်ခံနေရသလို၊ မြို့ပြနေပြည်သူတွေလည်း လူမှုဒုက္ခတွေနဲ့စစ်ခင်းနေကြရတာပါပဲ။ မြန်မာပြည်သူတွေကို လူမှုဒုက္ခတွေနဲ့ရင်ဆိုင်တဲ့ စစ်မျက်နှာရှေ့တန်းမှာထားပြီးတော့၊ ပြည်သူ့ကိုယ်စားလှယ်တွေကနေပြည်တော်မှာကျည်ကွယ်မျက်ကွယ်နေရာမှာပုန်းခိုနေကြသလိုဖြစ်နေပါတယ်။

ဒီပြည်သူတွေနဲ့အတူ ကဗျာဆရာတွေကလက်တွဲပြီး ဒုက္ခကျည်တွေကိုစစ်မြေပြင်မှာ ရင်ဆိုင်တိုက်ပွဲဝင်နေကြတယ်။ မြန်မာပြည်ရဲ့ဒုက္ခတွေကိုရင်ဆိုင်တိုက်ပွဲဝင်နေကြတဲ့ စစ်မြေပြင်ကိုကြည့်ရင်ရန်ကုန်မြို့ဟာမဟာ ဗျူဟာကျနေတာကိုတွေ့ရမှာပါ။ ဒီလိုဒုက္ခတွေကိုပြည်သူနဲ့အတူရင်ဆိုင်နေတဲ့ကဗျာဆရာတွေအများကြီးရှိနေကြပါတယ်။ ဒီလိုကဗျာဆရာတွေထဲမှာ ကဗျာဆရာ **"မြေလတ်မောင်မြင့်သူ"**က အဓိကနေရာကပါဝင်နေပါတယ်။ သူအမြဲအစဉ်မပြတ်ရေးနေတဲ့ "ဒီကနေ့ရန်ကုန်"အမှတ်စဉ်တပ်ပြီးရေးနေတဲ့ ကဗျာတွေကိုကြည့်ရင်ခေတ်ကို တာဝန်ကျေနေတဲ့ကဗျာဆရာအဖြစ် မြင်နိုင်သတ်မှတ်နိုင်ပါတယ်။ သူလက်ရှိရေးနေတဲ့ ခေတ်ပေါ်ကဗျာတွေကိုခံစားကြည့်ကြစေချင်ပါတယ်။ **"ဒီကနေ့ရန်ကုန်"**ကဗျာတွေထဲကတစ်ပုဒ်လုံးမဟုတ်ဘဲ ပြည်သူနဲ့အတူဆိုတာ ကိုထိရောက်စွာပြတဲ့ အပိုဒ်တွေပဲထုတ်နုတ်ပြချင်ပါတယ်။ **"ဒီကနေ့ရန်ကုန်(၁၃)"**ကိုခံစားကြပါစို့။

*လမ်းတွေတော့ ကောင်းသွားပြီဗျတဲ့*
*ကျနော်တစ်ခွန်းပဲ ပြန်ပြောလိုက်တယ်*
*လူတွေကောင်းဖို့ပဲ လိုတော့တယ်*
*ဟုတ်တယ်*
*လူတွေကောင်းပြီလား*
*လမ်းဘေးရေမြောင်းထဲက အမှိုက်တွေကိုဆယ်ထုတ်ပစ်သလို*
*ရင်ဘတ်ထဲကအမှိုက်တွေကိုဆယ်ထုတ်ပစ်ရဲ့လား။*

ရေမြောင်းတွေပိတ်ဆို့နေလို့မိုးရွာရင် လမ်းတွေရေကြီးနေတာကိုအမှိုက်တွေ ဆယ်ထုတ်လိုက်နိုင်တာခဏပါပဲ။ ဒီအမှိုက်တွေကို ပြန်စွန့်ပစ်မြဲစွန့်ပစ်နေကြရင်လမ်းဘေးရေမြောင်းတွေပြန်ပိတ်ဆို့နေဦးမှာပါပဲ။ လူတွေရဲ့အမှိုက်တွေကိုအလွယ်စွန့်ပစ်တဲ့အကျင့်တွေကိုပြုပြင်ရပါလိမ့်မယ်။ နောက်လူတွေကိုအုပ်ချုပ်နေတဲ့ လူတွေအကျင့်ပြင်ဖို့ကပိုပြီးအဓိကကျနေပါတယ်။ ပြည်သူတွေရဲ့ဖျက်ဆီးခံခဲ့ရတဲ့အ ကျင့်စရိုက်ဆိုးတွေ ကိုအကျင့်စရိုက်ကောင်းတွေဖြစ်လာနိုင်ဖို့ကိုအုပ်ချုပ်နေတဲ့လူတွေကအမြဲပညာတွေပေးနေရမှာပါ။ အခုထိတော့ ပြည်သူတွေရဲ့စရိုက်ဆိုးတွေကိုပြုပြင်မယ့်လူတွေကိုယ်တိုင်က အကျင့်ပျက်စရိုက်ဆိုးတွေရှိနေပါသေးတယ်။ လမ်းဘေးရေမြောင်းနဲ့ရေမြောင်းထဲကအမှိုက်တွေဆိုတာရုပ်ဝတ္ထုတွေဖြစ်ပါတယ်။ ရုပ်ဝတ္ထုတွေကပြုပြင်လို့လွယ်ကူပါတယ်။ လူတွေရင်ထဲက အကျင့်စရိုက်ဆိုးတွေက တော့ပြုပြင်ရအင်မတန်ခက်တဲ့စိတ်တွေဖြစ်ပါတယ်။

*ရုပ်ပိုင်းဆိုင် တစ်ကိုယ်ရည်အလှပြင်သလို*
*စိတ်ပိုင်းဆိုင်ရာ တစ်ကိုယ်ရည် အလှပြင်ရဲ့လား*
*ကိုယ့်တန်ဖိုးကို သိအောင်ကြိုးစားသလို*
*သူတစ်ပါးတန်ဖိုးကို သိအောင်ကြိုးစားရဲ့လား*
*ရန်ကုန်သား ရန်ကုန်သားဆိုပြီး*
*ရန်ကုန်စကား*
*ရန်ကုန်အစား*
*ရန်ကုန်အကြွားတွေနဲ့တဲ့*

မြန်မာပြည်ရဲ့မဟာဗျူဟာကျတဲ့ ရန်ကုန်မြို့ကြီးကိုလေတွေနဲ့အကြွားတွေနဲ့ပြုပြင်လို့မရနိုင်ပါဘူး။ အရင်ကတည်းက ရန်ကုန်သားအကြွားဆိုပြီး ပြောတတ်ကြပါတယ်။ အခုအချိန်မှာတော့ ရန်ကုန်မြို့ကြီးမှာ လူတွေအတင်းတိုးဝင်နေကြပါတယ်။ လူတွေများနေတဲ့အချိန်မှာတော့ စရိုက်ပေါင်းစုံဖြစ်နေမှာပါ။ ဒီစရိုက်ပေါင်းစုံတွေကို ထိထိရောက်ရောက်ကိုင်တွယ်နိုင်ဖို့လိုပါတယ်။ အုပ်ချုပ်နိုင်ဖို့အရေးတကြီးလိုအပ်နေပါတယ်။ အုပ်ချုပ်သူတွေကိုယ်တိုင်က လေတွေနဲ့၊ အကြွားတွေနဲ့အုပ်ချုပ်ကိုယ်တွယ်နေကြမယ်ဆို၊ အမှိုက်တွေဖောင်းပွပြီး လေထဲမျောပါနေမယ့်ရန်ကုန်ဖြစ်နေမှာပါ။ အမှန်တကယ်က အရှိကိုအရှိအတိုင်းမြင်နိုင်ဖို့လိုပါတယ်။ **"ဒီကနေ့ရန်ကုန်(၁၅)"**ကဗျာမှာထောက်ပြသွားပါတယ်။

*အရှိမကောင်းလို့*
*အကောင်းမရှိတာ ဘာဆန်းလို့လဲ*
*အကြောင်းသိရုံနဲ့ မလုံလောက်ဘူး*
*အကောင်းသိဖို့လည်းလိုတယ်*
*အကောင်းရှိဖို့လည်းလိုတယ်*
*လက်ညှိုးက လက်ညှိုးကို လက်ညှိုးထိုးတုန်းလား*
*ဆင်းရဲချမ်းသာ ညီမျှခြင်းက*
*မိုးနဲ့မြေလို*
*ကွာချင်တိုင်းကွာခြားမှုနဲ့*
*နေသားကျနေတယ်*
*ပြောင်းလဲဖို့ကြိုးစားရင်း ပြောင်းလဲသွားတဲ့ စရိုက်များ*
*စားဝတ်နေရေး ဆင်းရဲတွင်းထက်*
*စာရိတ္တ ဆင်းရဲခြင်းကပိုနက်တယ်။*

အခုခေတ်ဟာပြောင်းလဲအောင်ကြိုးစားနေတယ်လို့ပြောနေကြမှာပါပဲ။ ပြောင်းလဲလာဖို့ ကဗျာဆရာထောက်ပြသလို၊ အရှိမကောင်းလို့၊ အကောင်းမရှိတာ ဘာဆန်းလို့လဲဆိုသလို ဖြစ်နေတာကိုငြင်းလို့မရပါဘူး။ ပြောင်းလဲမှုမှာအကောင်းရှိလာနိုင်ဖို့ကြိုးစားနိုင်မှပြောင်းလဲခြင်းအရှိကောင်းလာနိုင်မှာပါ။ အဆိုးတွေကိုပြုပြင်ဖို့မကြိုးစားဘဲ တစ်ယောက်ကိုတစ်ယောက်လက်ညှိုးထိုးအပြစ်ပြောနေကြမယ်ဆိုရင် လူတွေဆင်းရဲခြင်းတွင်းနက်နေကြပါဦးမယ်။ ပြည်သူတွေရဲ့စားဝတ်နေရေးထက်စာရိတ္တဆင်းရဲတွင်းနက်နေတာက ပိုဆိုးပါတယ်။ နေရာပေါင်းစုံမှာ အရှိကောင်းတွေမဖြစ်လာဘဲ ပိုပြီးစာရိတ္တတွေပျက်စီးလာပြီး နာမည်ပျက်သထက်ပျက်လာကြမှာပါပဲ။

*အရှက်မဲ့လိပ်ပြာနဲ့ အသက်ကိုဖာထေးရင်း*
*ကျည်တောက်မစွပ်တဲ့ နာမ်ရုပ်နဲ့*
*ရခဲတဲ့ဒုလ္လဘကို*
*အဓမ္မ အိုးမည်းသုတ်နေကြတယ်။*

အခုအချိန်မှာလူတွေရဲ့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဘယ်သူသေသေ ငတေမာရင်ပြီးရော်ဆိုသလိုဖြစ်ကုန်ကြတာ စာရိတ္တဆင်းရဲတွင်း နက်သထက်နက်လာလို့ဖြစ်ပါတယ်။ လူ့ဘဝဆိုတာရခဲ့တဲ့ဒုလ္လဘဖြစ်ပေမယ့်၊ အသေအပျောက်လွယ်တဲ့ အချိန်ကာလကြီးထဲမှာလူ့အသက်ကိုတန်ဖိုးမထားကြသလိုဖြစ်နေပါပြီ။ ပြည်သူတွေအတွက်စားဝတ်နေရေး ဆင်းရဲခြင်းနက်တယ်ဆိုတာထက် ပိုနက်တဲ့စာရိတ္တဆင်းရဲခြင်းနက်တာကို ကဗျာဆရာက ထောက်ပြသွားတာလူတွေသတိထားကြဖို့အရေးကြီးပါတယ်။ အခုအချိန်မှာကောင်းတဲ့ အပြောင်းအလဲကအရေးကြီးနေပါတယ်။ ဒီအပြောင်းအလဲရွေ့



# ပြတင်းတံခါးအပွင့် ဇာခန်းဆီးအလွင့်(၆၃)

# ဒီကနေ့ ရန်ကုန်ကာရန်များ

**ကိုနိုင်း**

နိုင်ခြင်း မရွေ့နိုင်ခြင်းအပေါ်မှာ တိုင်းပြည်အုပ်ချုပ်သူတွေအတွက်အရေးကြီးနေပါတယ်။ ဒါကိုပြည်သူနဲ့အတူဆိုပေမယ့်၊ ရှေ့ကဦးဆောင်သူတွေက ပိုအရေးကြီးနေပါတယ်။ **"ဒီကနေ့ရန်ကုန်(၁၆)"**မှာပြောပြထားပါတယ်။

*ခေါင်းတွဲတွေက*
*အပြောင်းအလဲနဲ့ ရွေ့ကို ရွေ့နေပြီး*
*မပြောင်းလဲသေးတဲ့ တစ်ကြောင်းစွဲအယူတွေ*
*လိုအပ်ရင် ပြိုင်တူတွန်းဖို့*
*အသင့်ဖြစ်ပြီလား။*

ဒီနေရာမှာတာဝန်ရှိနေသူတွေကပြည်သူတွေကိုပြန်မေးနေကြပါလိမ့်မယ်။ အဲဒီလိုပါပဲ၊ ပြည်သူတွေကတာဝန်ယူထားကြသူတွေကို ပြန်မေးနေကြတော့မှာပါ။ မပြောင်းလဲသေးရင် တစ်ယောက်ကိုတစ်ယောက်လက်ညှိုးထိုးပြီးအပြစ်ပြောနေတတ်တာလူ့သဘာဝပါပဲ။ တစ်ကြောင်းစွဲအယူတွေကို ဖျောက်ကြဖို့လိုပါတယ်။ တာဝန်ယူထားကြသူတွေရော၊ ပြည်သူတွေပါ တစ်ပြိုင်ထဲပြိုင်တူတွန်းကြဖို့လိုပါတယ်။ အားလုံးပြိုင်တူတွန်းမှအရွေ့ကိုမြင်ရမှာပါ။ အားလုံးအသင့်ဖြစ်ပြီလားဆိုတာတော့ ကဗျာဆရာအတွက်မေးခွန်းထုတ်စရာဖြစ်နေမှာပါ။

*လူထဲသူထဲမှာ လူလိုသူလို လူရာဝင်အောင်*
*ဟောဒီ*
*နေသားတကျ ဘဝတွေအတွက်*
*နှလုံးအလှတွေ*
*စိတ်အလှတွေ*
*မေတ္တာအလှတွေ*
*ဘယ်လောက်ရအောင် ယူခဲ့ပါသလဲ*
*မြောင်းထဲက ခေါင်းပေါင်းစ တလူလူတွေကိုတော့*
*ထားပစ်ခဲ့ပါ*
*ရန်ကုန်။*

မြောင်းထဲမှာ ခေါင်းပေါင်းတလူလူဦးထောင်ကြရင်မြောင်းထဲကလူတွေပဲဖြစ်နေကြမှာပါ။ မြောင်းထဲမှာ နေခဲ့ရတဲ့လူတွေဟာလူထဲသူထဲမှာ လူလိုသူလိုလူရာမဝင်နိုင်ပါဘူး။ ကဗျာဆရာထောက်ပြချင်တာကတော့၊ နှလုံးအလှတွေ၊ စိတ်အလှတွေ၊ မေတ္တာအလှတွေဆိုတဲ့ စိတ်နာမ်တွေပြုပြင်နိုင်ကြဖို့ကိုပြောချင်တာပါ။ ဒါပေမယ့် ပြည်သူအတွက်ပြုပြင်ဖို့ခက်နေသလို၊ ကုန်ဈေးနှုန်းတွေအဖက်ဖက်တက်နေတဲ့ ခေတ်ကြီး၊ စားဝတ်နေရေးတွေအတွက်ကလည်းခက်ခဲနေပါတယ်။ **"ဒီကနေ့ရန်ကုန်(၁၇)"**မှာပြောထားပါတယ်။

*အမှန်တရားဆိုတာ*
*တရားအမှန်ကလာတာလို့ မယုံရသရွေ့*
*အမှားတစ်ရန်ထက်ပိုမလား။*

အခုအခြေအနေမှာတော့ အမှားတစ်ရန်ပေါင်းများပြားနေတာကို မျက်စိစုံမှိတ်ပြီးရင်ဆိုင်နေကြရပါတယ်။ တစ်နေ့ထက်တစ်နေ့တက်နေကြတဲ့ ကုန်ဈေးနှုန်းတွေကဘယ်သူတွေဒုက္ခရောက်နေကြသလဲ။ ဘယ်သူတွေဖန်တီးနေကြတာလဲ။ ဘယ်သူတွေမှာတာဝန်ရှိနေသလဲ။ ဘယ်သူတွေတာဝန်ယူပေးရဲသလဲဆိုတာတွေကပြဿနာတွေပါပဲ။

*သကြိန်ပြီးတာနဲ့*
*စားနေကျ မုန့်ဟင်းခါးက ဈေးတက်*
*သောက်နေကျ လက်ဖက်ရည်က ဈေးတက်*
*ဟင်းရွက်ကန်စွန်းကလည်း ဈေးတက်*
*မသိမသာလည်း တက်တယ်*
*သိသိသာသာလည်း တက်တယ်*
*ဟိုဟာလည်းတက် ဒီဟာတက်လို့*
*ညစာ၊ မနက်စာ ရှာစားရသူတွေအတွက်*
*ပိုခက်လာတယ်*

ဘယ်လောက်ပဲအပြောင်းအလဲကို ကောင်းတဲ့ဘက်ကိုပြောင်းလဲလာနိုင်အောင်ကြိုးစားကြိုးစား၊ နေရတဲ့အချိန်နဲ့အမျှကုန်ဈေးနှုန်းတွေတက်နေကြရင်ပြည်သူတွေအတွက်ပြောင်းလဲခြင်းဟာပိုခက်ခဲလာကြတာကိုပဲ ထင်မှတ်နေကြမှာပါ။ ဒီလိုထင်မှတ်နေကြတဲ့အထဲမှာ ပြည်သူတွေပိုခက်ခဲလာတာကိုဘယ်သူ့တွေကို အပြစ်ပြောနိုင်ကြမလဲဆိုတာစဉ်းစားကြည့်နိုင်ပါတယ်။

*အရှက်မဲ့ မျက်နှာပြောင်တွေသာ*
*မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်နေချိန်*
*ယောက်ယက်ခတ်*
*အောက်ခြေတွေ ခမျာမှာတော့*
*ထဘီမှန်း သိသိနဲ့ ချမ်းလွန်းလို့*
*ခြုံမိတဲ့ ဆောင်းလို*
*ဆန်ဝယ်ဖို့ ဆန်အိုးရောင်းကိန်းကြုံ*
*ဆီဝယ်ဖို့ ဆီအိုးရောင်းကိန်းကြုံ*
*စီးမယ့်ဖိနပ်မတော်လို့ ဖနှောင့်လှီးကိန်းကြုံ*
*ဒီလိုပဲပြီးရတော့မှာလား*
*ရန်ကုန်။*

နောက်ဆုံးတော့ ပြည်သူတွေကဘယ်သူ့ကိုအပြစ်တင်ရမယ်မှန်းမသိတော့ သလိုဖြစ်နေကြပြီ။ အပြစ်ရှိသူတွေက မသိချင်ယောင်ဆောင်နေတတ်ကြပြီ။ တာဝန်ရှိသူတွေရော၊ တာဝန်မယူတတ်သူတွေရော၊ စာရိတ္တဆင်းရဲသထက်ဆင်းရဲလာကြသူတွေရောကြောင့် ရန်ကုန်မြို့ကြီးမှာ ပါမက၊ မြန်မာ ပြည်တစ်ပြည်လုံးအမှိုက်တွေပွနေတော့တာပါပဲ။ ဆရာမြေလတ်မောင်မြင့်သူက **"ဒီကနေ့ရန်ကုန်(၁၈)"** မှာ ပြောသွားပါတယ်။

*ပြာသာဒ်လောင်တဲ့မီးကို အမှိုက်ကစရင်*
*မီးလောင်ရာပင့်တဲ့လေက စရိုက်ပဲ*
*စရိုက်ဆိုတာ အမှိုက်တစ်မျိုး*
*လက်ညှိုးထိုးမလွဲရှိတယ်*
*ရုပ်အမှိုက်ကိုလောင်တာ ငြိမ်းရလွယ်တယ်*
*စိတ်အမှိုက်ကိုလောင်တာ ငြိမ်းရခက်တယ်*

ဆိုပြီးပြောသွားပါတယ်။ လူတွေမှာကလည်း စိတ်အမှိုက်တွေကြောင့် လောကကြီးစရိုက်ဆိုးတွေ၊ စရိုက်ကြမ်းတွေနေရာ အနှံ့မှာဖြစ်ပေါ်နေကြရတာပါ။ အာဏာနဲ့ဖိနှိပ်ခံခဲ့ရတဲ့ခေတ်အမှောင်ကြီးထဲမှာ စိတ်တွေရိုင်းခဲ့ကြမ်းခဲ့ရပါတယ်။ အခုပြောင်းလဲရမယ်လို့ ပြောနေတဲ့ခေတ်မှာ လည်းဒီစရိုက်ဆိုးတွေ၊ စရိုက်ကြမ်းနေတဲ့စိတ်တွေကို အချိန်မီပြုပြင်နိုင်သေးဘူးဆိုရင်တော့၊

*ဘယ်အရာမဆို*
*တာဝန်ရှိမှန်းသိလျက် တာဝန်ယူမှုမရှိရင်*
*အမှိုက်ပဲ။*
*အမှိုက်ကို*
*အမှိုက်မှန်းမသိရင်လည်း*
*အမှိုက်ပဲ။*
*လူအမှိုက် စိတ်အမှိုက်*
*ဟိုအမှိုက် ဒီအမှိုက်*
*အမှိုက်တွေ တန်းတလျား*
*ထိန်ပင်အမှိုက်ပုံအကြီးစားလား*
*ရန်ကုန်။*

လောကကြီးမှာ စိတ်အမှိုက်တွေကိုရှင်းနိုင်မှ၊ ရုပ်အမှိုက်တွေကိုရှင်းနိုင်ပါလိမ့်မယ်။ ကျွန်တော်ကတော့ **"ဒီကနေ့ရန်ကုန်"**အဖြစ်အပျက်တွေဟာ မြန်မာပြည်ကြီးတန်းတလျားမှာ ဖြစ်ပျက်နေတာပါလို့ပြောချင်ပါတယ်။ ဆရာမြေလတ်မောင်မြင့်သူကလည်း **"ဒီကနေ့ရန်ကုန်"**ကိုနိမိတ်ပုံအနေနဲ့ထားပြီး ဖြစ်ပျက်တတ်တာတွေကို၊ ဖြစ်ပျက်နေတာတွေကိုကဗျာတွေရေးပြီး ပြုပြင်နိုင်ကြဖို့သတိပေးနေတာပါ။ ကဗျာဆရာကပြည်သူတွေနဲ့အတူနေပြီး ပြည်သူထဲမှပါဝင်နေတော့ **"ဒီကနေ့ရန်ကုန်"**မြင်ကွင်းကို ကွင်းကွင်းကွက်ကွက်မြင်နေနိုင်ပါတယ်။ သူမြင်နေရတဲ့ မြင်ကွင်းတွေအတွက်။ ပြောင်းလဲရမယ်ဆိုတဲ့ခေတ်ကြီးရဲ့တာဝန်ကျေနေတယ်လို့ပြောလို့ရပါတယ်။ ပြည်သူနဲ့အတူဆိုတာကိုကြွေးကြော်မနေဘဲပြည်သူနဲ့အတူနေတဲ့ကဗျာဆရာမြေလတ်မောင်မြင့်သူတွေဖြစ်နေကြပါစေ။

♦ကိုနိုင်း♦


<u>ခံစားမိသောကဗျာများ</u>

၁။ မြေလတ်မောင်မြင့်သူ(ဒီကနေ့ရန်ကုန်)ကဗျာများ။
စံတော်ချိန်နေ့စဉ်သတင်းစာ။

# တရားဆုံးဖြတ်ဓမ္မသတ် မတ်မတ်ဖြောင့်စေချင်

**မောင်လှိုင်ထွေး(ဥပဒေ)**



စိန္တကျော်သူဦးဩရေးသားပြုစုသော ကဝိလက္ခဏာသတ်ပုံကျမ်း သံပေါက်လက်ာအမှတ်စဉ်-၉၇၃ တသတ်သတ်စပ်နည်းတွင် ရေးစပ်ထားသော လက်ာတစ်ပုဒ်ကို ခေါင်းစီးတင်ပါသည်။

ဥပဒေပညာရှင်ဒေါက်တာတင်အောင်အေးက "ထိုလက်ာသည် သတ်ပုံမှန်ကန်ရေးဦးတည်ချက်ဖြင့် ရေးရုံသာမက တရားမှုခင်းစီရင်ရာတွင် ဓမ္မသတ်နှင့်အညီ စီရင်ဆုံးဖြတ်စေလိုရင်းကို တည့်တည့်ရှင်းရှင်း လိုရင်းညွှန်ပြထားသည်။ တစ်ရုံးတစ်ထုံး၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ အကွဲကွဲအပြားပြား၊ အမျိုးမျိုးအဖုံဖုံ၊ အထွေထွေ အလီလီ၊ မညီညာသော တရားစီရင်ရေးလမ်းကြောင်းကို ဆန့်ကျင်လျက်၊ တရားဓမ္မသတ်နှင့်အညီ တရားစီရင်ခြင်းဟူသော ဥပဒေမူသဘောတရားကို လိုက်နာကျင့်သုံး ဆောင်ရွက်စေလိုဟန်ရှိ၏ဟု ဆိုနိုင်ပေသည်"ဟု ရှုမြင်ပါသည်။

လက်ာသည် သတ်ပုံမှန်ကန်ရေးသက်သက်သာမဟုတ်ဘဲ တရားမှုစီရင်ရာတွင် ဓမ္မသတ်နှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ စစ်ဆေးဆုံးဖြတ်ရန် တိုက်တွန်းထားသည်ဟု မှတ်ယူရပါသည်။

မိုင်းခိုင်းမင်းကြီး၏ ပိဋကတ်တော်သမိုင်းအရ ဓမ္မသတ်ကျမ်းပေါင်း စောင်ရေ၁၇၅စောင်၊ ရှိကြောင်း သိရှိရပါသည်။

ဂါထာစုဏ္ဏိယပါဠိနိဿယရှိသည့် ဓမ္မသတ်ပေါင်း ၅၇-စောင်၊ ဓမ္မသတ်လက်ာပေါင်း ၁၆-စောင်၊ ဓမ္မသတ်ဖြတ်ထုံးပေါင်း ၈၂-စောင်၊ ဓမ္မသတ်တရားပုံပေါင်း စောင်ရေ၁၀-စောင်၊ ဓမ္မသတ်ခွဲပုံပေါင်း စောင်ရေ ၁၀-စောင် စုစုပေါင်း ၁၇၅-စောင်ဖြစ်ပါသည်။

ဓမ္မသတ်နှင့်အညီ ဆုံးဖြတ်သည်ဆိုရာတွင် တတ်ကျွမ်းမှု၊ မျှတမှု၊ စာနာမှု၊ အဂတိကင်းမှု၊ ရဲရင့်မှုတို့ပါဝင်ပါသည်။ တော်ရုံပညာ တော်ရုံစိတ်ဓာတ်ဖြင့် အဆုံးအဖြတ်မပြုနိုင်ပါ။ ထက်မြက်ထူးချွန်သောပညာနှင့် စိတ်ဓာတ်ရှိသူတို့သာ ဓမ္မသတ်နှင့်အညီ ဆုံးဖြတ်နိုင်ပါသည်။

တရားရုံးများ လက်စွဲကို ၁၉၇၀ပြည့်နှစ်က တတိယအကြိမ်တည်းဖြတ်ပြီး မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ထိုစဉ်က တရားသူကြီးချုပ်ဒေါက်တာမောင်မောင်က အောက်ပါအတိုင်း မှတ်ချက်ပြု၍ အမှာစာရေးသားခဲ့ပါသည်။

"လုပ်ထုံးလုပ်နည်း စည်းစနစ်သည် တည်နေသောတရားဥပဒေကို မှန်ကန်မြန်ဆန်စွာ ကျင့်သုံးရန်၊ အာနိသင် ထက်မြက်စေရန် ထောက်ကူပါသည်။ တရားဥပဒေက မည်ရွေ့မည်မျှပင် သင့်မြတ်နေစေ၊ ရုံးကို စီမံခန့် ခွဲရာတွင်ဖြစ်စေ၊ လုပ်ထုံးလုပ်နည်းတွင်ဖြစ်စေ၊ ချွတ်ချော်ခြင်း၊ ပျက်ကွက်ခြင်းရှိလျှင် တရားဥပဒေသည် သက်ဝင်လှုပ်ရှား၍ မနေ၊ စာရွက်ပေါ်တွင်သာ သက်မဲ့သဖွယ် ဖြစ်နေပါမည်"ဟူ၍ဖြစ်ပါသည်။

တရားရုံးများလက်စွဲကို ၁၉၉၉ခုနှစ်တွင် စတုတ္ထအကြိမ်တည်းဖြတ်ထုတ်ဝေသောအခါ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ထိုစဉ်က တရားသူကြီးချုပ် ဦးအောင်တိုးက အောက်ပါအတိုင်း မှတ်ချက်ပြု၍ အမှာစာရေးသားခဲ့ပါသည်။

"ယနေ့တရားစီရင်ရေးဆောင်ပုဒ်များတွင်လည်း "ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ၊ လုပ်ထုံးညီညီဆောင်ရွက်ပါ"ဆိုသော ဆောင်ပုဒ်များမှာ အဓိကနေရာတွင် ပါဝင်လျက်ရှိသည်။ လုပ်ထုံးညီညီဆောင်ရွက်နိုင်လျှင် အမှားနည်းမည်။ အမှားနည်းလျှင် အမှန်နှင့်နီးစပ်၍ တရားဥပဒေသက်ဝင်လှုပ်ရှားလာမည်။ ပြည်သူအများက ယုံကြည်ကိုးစားရမည့် တရားစီရင်ရေးဖြစ်ထွန်းလာမည်"ဟူ၍ ဖြစ်ပါသည်။

၁၉၉၈ခုနှစ်၊ ဩဂုတ်လတွင် တရားရေးဂျာနယ်(Judicial Journal) အတွဲ(၁)၊ အမှတ်(၁)ကိုထုတ်ဝေသည်။ ထိုဂျာနယ်တွင်ဦးကျော်(ညွှန်ကြားရေးမှူး၊ ပြည်ထဲရေး) က "အာဂလူ"ဟူသောဆောင်းပါးတစ်ပုဒ်ရေးသားပါသည်။ ထိုဆောင်းပါးတွင် တရားသူကြီးများ တရားနှင့်မညီ၍ တံစိုးစားခြင်း၊ အဂတိလိုက်စားခြင်း၊ ကျင့်ဝတ်ပျက်ခြင်းတို့နှင့် ပတ်သက်၍ ရဲရင့်ပြတ်သားသောစာပိုဒ် တစ်ပိုဒ်ကိုရေးထည့်သတိပေးထားပါသည်။

"တရားသူကြီးများ တရားနှင့်မညီ၍တံစိုးစားခြင်း၊ အဂတိလိုက်စားခြင်း၊ ကျင့်ဝတ်ပျက်ခြင်းသည် တိုင်းပြည်ပျက်စီးခြင်း၏ အကြောင်းရင်းများဖြစ်ကြသည်။ ပေါင်းသင်းဆက်ဆံရေး လူ့အဆောက်အအုံကြီး ပျက်စီး ခြင်း၊ တိုင်းသူပြည်သားများ စာရိတ္တပျက်ပြားခြင်း၊ အုပ်ချုပ်ရေးယန္တရားပျက်ပြားခြင်း၊ တစ်တိုင်းပြည်လုံး လူမျိုးပါမကျန် ပျက်စီးခြင်းသို့ ရောက်တတ်ပေသည်။"ဟူ၍ ဖြစ်ပါသည်။

သက္ကရာဇ် ၁၀၃၄ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့တွင် "မဟာသီဟသူရဓမ္မရာဇာဘွဲ့"ခံ သတ္တမမြောက် ညောင်ရမ်းမင်းဆက်"နရာဝရမင်း"နတ်ရွာစံသည်။ ထိုမင်းသည် မိဖုရားမရှိ၊ ကိုယ်လုပ်မောင်းမမရှိ၊ သားတော် သမီးတော်မရှိ၊ ထီးမွေနန်းလျာ ဆက်ဆံမည့်သူမရှိသဖြင့် ထီးနန်းဆက်ခံမည့်သူကို ရွေးရန်အကြောင်းပေါ်လာသည်။

အတွင်းဝန်စည်သူနော်ရထာသည်"ယခုနောင်တော်ဘုရား နတ်ရွာစံချေပြီ။ အဆက်အခံသားတော် မြေးတော်လည်းမရှိ၊ မင်းညီမင်းသားတို့လည်းရိုးတူရွယ်မျှချည်းဖြစ်၍ ပြည်ထဲရေးမငြိမ်ရာ၊ ကျွန်တော်တို့ လျှောက်သည်ကို ယူတော်မူပါ"ဟု နှမတော် ရစိယပဘာကိုလျှောက်ပြီး သေနာပတိနန္ဒကျော်ထင်၊ ဗညားကျန်းတော၊ နေမျိုးကျော်ထင်၊ နေမျိုးနော်ရထာတို့နှင့်တိုင်ပင်၍ မင်းလျာရွေးသည်။

သီရိဓမ္မာသောကသည် ငြိမ်ဆိတ်ဆေးလေး၏။ ဓမ္မသတ်ပုံပြင်ရာဇဝင်ထုံးဟောင်း မကျွမ်းကျင်၊ မင်းသား စစ်သည်၊ ဗဟုသုတလေ့ကျွမ်း၏။ ကြက်တိုက်၊ အံခတ်သောက်စားမှု၌ ပျော်ရွှင်လေ့ရှိသည်။ မင်းရဲနရာမှာ မာန်ခက်ထန်သည်။ ရက်ရောကြမ်းကြုတ်သည်။ ပြည်ကြီးဝန်ကို မဆောင်နိုင်ရာ၊ ရမည်းသင်းစား မင်းရဲကျော် ထင်မူကား ခမည်းတော်ဘုရား ညီတော်နှမတော်မင်းနှစ်ပါးသားတော်လည်းဖြစ်သည်။ ဓမ္မသတ်ပုံပြင်ရာဇဝင်ထုံးဟောင်းလည်းကျွမ်းသည်။ စိတ်နှလုံးလည်းဖြူစင်သည်။ ယဉ်ကျေးသည်၊ သစ္စာစကားအမှန်အကန်လည်း သုံးစွဲလေ့ရှိသည်။ ဣန္ဒြေနှင့်လည်း ပြည့်စုံသည်ဟုစိတ်ညီကြ၍ မင်းရဲကျော်ထင်ကိုရွေး၍ မင်းအဖြစ်တင်မြှောက်သည်။

ဤတွင် အမျိုးမြတ်ခြင်း၊ ဓမ္မသတ်ပုံပြင်ရာဇဝင်ထုံးဟောင်း ကျွမ်းကျင်ခြင်း၊ စိတ်နှလုံးဖြူစင်ခြင်း၊ ယဉ်ကျေးခြင်း၊ မှန်သောသစ္စာစကားကို ဆိုခြင်း၊ ဣန္ဒြေနှင့်ပြည့်စုံခြင်းဟူသော အချက်တို့ဖြင့် မင်းလျာကိုရွေးသည်မှာမြင်သာသည်။ ထိုသို့သော မင်းမှသာလျှင် တရားကိုဓမ္မသတ်နှင့်အညီ ဖြောင့်မတ်စွာ စီရင်နိုင်သည်။ ပြည်သူတို့ စိတ်ဝမ်းကို အေးချမ်းအောင်အုပ်ချုပ်နိုင်သည်။

မနုဝဏ္ဏနာဓမ္မသတ်တွင် တရားသူကြီးအင်္ဂါ ၁၂ပါးကို ဖော်ပြထားပါသည်။

၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း
၂။ ဒေါသာဂတိသို့ မလိုက်ခြင်း
၃။ မောဟာဂတိသို့ မလိုက်ခြင်း
၄။ ဘယာဂတိသို့မလိုက်ခြင်း
၅။ ချစ်ဖွယ်သောစကားကို ဆိုတတ်ခြင်း
၆။ ကောင်းစွာဆိုလေ့ရှိခြင်း
၇။ တရားစောင့်ခြင်း
၈။ စကားမှန်ခြင်း
၉။ တည်ကြည်ရဲရင့်ခြင်း
၁၀။ တော်တည့်ဖြောင့်သားခြင်း
၁၁။ လိမ္မာခြင်း
၁၂။ သီလကိုချစ်ခြင်းတို့ဖြစ်ပါသည်။

မနုကျယ်ဓမ္မသတ်တွင် တရားသူကြီးမဖြစ်ထိုက်၊ မမြှောက်ထိုက်သူခုနစ်ပါးကို ဖော်ပြထားပါသည်။

၁။ အမျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲ အနိုင်ပေးခြင်း
၂။ ကြေးငွေပဏ္ဏာတံစိုးများပေး၍ ရှုံးမည့်သူကိုအနိုင်စီရင်ခြင်း
၃။ ဆွေမျိုးသားချင်းဖြစ်၍ ရှုံးမည့်သူကိုအနိုင်ပေးခြင်း
၄။ သေဘေး၊ ပျက်ဘေးကိုကြောက်၍ ရှုံးမည့်သူကိုအနိုင်ပေးခြင်း
၅။ ရန်သူဖြစ်သည်ဟု နိုင်အံ့သည်ကို အရှုံးပေးခြင်း
၆။ ဟုတ်သည်၊ မဟုတ်သည်ကို မသိမမြင်၍ စီရင်သောသူ
၇။ ဟုတ်သည် မဟုတ်သည်ကိုသိလျက် လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟုအာဏာပေး၍ ငြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သူတို့ဖြစ်ပါသည်။

တရားဓမ္မသတ်ကို ကျက်မှတ်လေ့လာသိရှိရုံမျှနှင့် ဖြောင့်မတ်မှန်ကန်စွာ အဆုံးအဖြတ်မပြုနိုင်ပါ။ သီလ၊ သိက္ခာနှင့် ယဉ်ကျေးမှုရှိရန်လည်း လိုပါသည်။ တရားရေးဝန်ထမ်းတို့ကို ရွေးချယ်ခန့်ထားရာတွင် အသက်နှစ်ဆယ့်ငါးနှစ်မကျော်ရဟူသော ကန့်သတ်ချက်ကို ပယ်ဖျက်၍ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ပြီး သုံးဆယ်နှစ်ထက်မကျော်ရဟူသော ကန့်သတ်ချက်ဖြင့် အစားထိုးရန်လိုပါသည်။ လောကကြောင်း၊ ဓမ္မကြောင်းကို အတော်အတန်ထဲထဲဝင်ဝင်သိမှ စာနာစိတ်ရှိပါသည်။ စာနာစိတ်ရှိမှ တရားကိုဖြောင့်မတ်စွာစီရင်နိုင် ပါသည်။

တရားဆုံးဖြတ်ဓမ္မသတ် မတ်မတ်ဖြောင့်စေချင်သော စိန္တကျော်သူ ဦးဩကိုဦးခိုက်၍ တရားစီရင်မှုအပေါ် တွင် အများအမြင် ကြည်လင်စေလိုသော ဆန္ဒနှင့်ရေးသားတင်ပြခြင်းဖြစ်ပါသည်။

မောင်လှိုင်ထွေး(ဥပဒေ)

## ကုလသမဂ္ဂ ဗတ်တာသစ်

မောင်နှစ်သိမ့်(တောင်ကုတ်)

> အင်ဒိုနီးရှား ကုလမျှား
> အရှေ့တီမော ပဲ့ထွက်သွား။
>
> ယူဂိုဆလားဗီးယား ကုလမျှား
> ကိုဆိုဗိုဟာ ပဲ့ထွက်သွား။
>
> မြန်မာပြည်အား ကုလမျှား
> အချုပ်အခြာအာဏာ သတိထား။
>
> အားနာကြောက်ရွံ့ လျှော့ပေးလျှင်
> ရခိုင်နယ်မြေ ပဲ့လိမ့်မြင်
> မဆင်မခြင် ဖိလာက
> စကောရိုက်ကာ နှင်ပါဗျ
> ပြည်သူအားလုံး အာသီသ။ ။

မောင်နှစ်သိမ့် (တောင်ကုတ်)

www.free4readers.com



# ယောနသံစင်ရော်

Richard Bach's Jonathan Livingston Seagull

ဘာသန်း (ဓမ္မိက) မြန်မာပြန်သည်။




ယောနသံ၏ ပြည်တော်ပြန်နောက်ပိုင်း တစ်လအကြာတွင် ငှက်အုပ်ကြီးထဲမှ ငှက်တစ်ကောင်သည် ကြားနေမှုဥပဒေကိုဖြတ်ကျော်၍ ယောနသံထံ ပျံခြင်းအတတ်ကို လေ့လာသင်ယူလိုကြောင်းဖြင့် ခယဝပ်တွားလာ၏။ တဲ့ရင်းလိုးဝဲလ်စင်ရော်ပင် ဖြစ်၏။ ငှက်အုပ်သည် သူ့အား ရှုတ်ချခြင်း၊ အကြဉ်ခံတံဆိပ်ခတ်ခြင်း ပြု၏။ သူသည် ယောနသံ၏ရှစ်ကောင်မြောက်တပည့် ဖြစ်၏။

နောက်တစ်ညတွင် ငှက်အုပ်ကြီးအတွင်းမှ ကတ်မေးနဒ်စင်ရော်သည် သူ့လက်ဝဲဘက်တောင်ပံကို တရွတ်ဆွဲလျက် ထိုယိမ်းဤယိမ်းဖြင့် သောင်ပြင်ကို ဖြတ်ကျော်၍ ယောနသံ၏ခြေရင်းတွင် ပြိုလဲဝပ်ဆင်းကာ သေလုမြောပါးအသံမျိုးဖြင့် 'ကယ်တော်မူကြပါခင်ဗျာ၊ ပျံခြင်းအတတ်ထက် ကျွန်တော် ပိုပြီးလိုချင်တာ တခြားဘာမှမရှိပါဘူး'ဟု တိုးတိုးလေးပြော၏။

ယောနသံက ဤသို့ သူ့အားပြော၏။ 'ဒီလိုဆို လိုက်ခဲ့ . . ။ ငါနဲ့အတူ မြေကြီးမှအပေါ်သို့ တက်လိုက်ခဲ့၊ ငါတို့ စပျံကြရအောင်၊

'ဆရာ . . ဆရာ မသိသေးဘူးထင်တယ်၊ ကျွန်တော့်အတောင်၊ ကျွန်တော် ဒီအတောင်ကို လှုပ်လို့မရဘူး'

'မေးနဒ်စင်ရော်၊ မင်းဟာမင်းပဲ ဖြစ်နိုင်အောင် မင်းဟာ မင်းကိုယ်အစစ်ဖြစ်နိုင်အောင် ဒီမှာ အခုလွတ်မြောက်နေပြီကော၊ မင်းရဲ့လမ်းပေါ်မှာ မင်းကို ဘာကမျှ တားဆီးခြင်းမလုပ်နိုင်တော့ဘူးကွ၊ ဒါဟာ မဟာစင်ရော်ကြီးတွေရဲ့ နိယာမဥပဒေပဲ၊ တကယ်ကိုရှိတဲ့ဥပဒေကွ'

'ကျွန်တော် အခုပျံနိုင်ပြီလို့ ပြောနေတာလား ခင်ဗျာ'

'မင်း လွတ်မြောက်နေပြီလို့ ငါပြောတာ'

ရုတ်ခြည်းပင် မေးနဒ်စင်ရော်သည် တောင်ပံများကိုဖြန့်လျက် ညအမှောင်၏လေထုထဲသို့ တက်လေ၏။ သူသည် အမြင့်ပေးငါးရာမှ တစ်အားကုန် ဤသို့ ဟစ်ကြွေးလိုက်၏။

'ငါ ပျံနိုင်ပြီ၊ ဟေ့ နားထောင်ကြစမ်း၊ ငါပျံနိုင်သဟေ့'၊ အောက်မှ ငှက်အုပ်ကြီးသည် ဤသူ့အသံကြောင့် အိပ်ရာမှနိုးလာကြ၏။

ငှက်အုပ်ထဲမှ ငှက်များသည် တဖြည်းဖြည်း ယောနသံရှိရာသို့ တစ်ကောင်စ၊ နှစ်ကောင်စ ရောက်နေကြ၏။ နေထွက်ချိန်ရောက်သော် တပည့်များဝိုင်းရပ်နေသော စက်ဝိုင်းအပြင်ဘက်ပတ်ပတ်လည်တွင် စင်ရော်ပေါင်း တစ်ထောင်နီးပါးရှိ၏။ သူတို့သည် မေးနဒ်စင်ရော်ကို မယုံနိုင်သောမျက်စိဖြင့် ကြည့်နေကြ၏။ သူတို့ကို အခြားစင်ရော်များမြင်သွားကြမည်ကိုလည်း သူတို့ မကြောက်ကြတော့၊ ယောနသံစင်ရော်၏စကားများကိုလည်း နားလည်ရန် ကြိုးစားအားထုတ်နေကြကုန်၏။

ယောနသံသည် အလွန်တရာမှ ရိုးရိုးစင်းစင်း ဖြစ်သော အကြောင်းအရာများကို ပြောဆို၏။

'စင်ရော်တစ်ကောင်အဖို့ ပျံခြင်းအတတ်ပညာဟာ လျော်ကန်တဲ့အတတ်ပဲ၊ စင်ရော်မျိုးရဲ့သဘာဝအစစ်အမှန်ဟာ လွတ်မြောက်ခြင်းတရားပဲ၊ အဲဒီလွတ်မြောက်ခြင်းကို ဆန့်ကျင်တဲ့အရာဟူသရွေ့ကို ဘာပဲဖြစ်ဖြစ်၊ အယူသီးမှုပဲဖြစ်ဖြစ်၊ အချုပ်အချယ်ပဲဖြစ်ဖြစ်၊ ထုံးတမ်းအရ နည်းစနစ်ဓလေ့အမူအရာ အပြုအကျင့်ပဲဖြစ်ဖြစ်၊ ဘယ်အသွင်ဘယ်ပုံနဲ့ရှိနေတာပဲဖြစ်ဖြစ် ပယ်ချစွန့်ပစ်ရမယ်'

'ပယ်ချစွန့်ပစ်ရမယ်' ငှက်အုပ်စုထဲမှ အသံတစ်သံထွက်လာ၏။ 'ငှက်အုပ်ကြီးရဲ့ ဥပဒေဖြစ်နေလည်းပဲ ဒီလိုပဲ လုပ်ရမှာလား၊'

ယောနသံက ဤသို့ဖြေကြား၏။ 'လွတ်မြောက်ရေးသို့ပို့ဆောင်တဲ့ဥပဒေသာ တစ်ခုတည်းသောဥပဒေအစစ်ဖြစ်တယ်ကွ၊ ဒါကလွဲလို့ တခြားဥပဒေအသစ် မရှိ'

အခြားအသံတစ်သံကလည်း ဤသို့ ဆိုသေး၏။ 'ကျုပ်တို့လည်း ခင်ဗျားလိုပဲ ပျံနိုင်မယ်လို့ ခင်ဗျားဘာကြောင့် ပြောနိုင်သလဲ၊ ခင်ဗျားဟာ တခြားစင်ရော်တွေထက် ပိုပြီးထူးခြားတယ်၊ ပါရမီလည်းရှိတယ်၊ နတ်ဒေဝါမျိုးလည်း ဖြစ်တယ်၊ တခြားငှက်တွေထက်လည်း မြတ်တယ်၊'

'ဒီလိုဆို ဖလက်ချာ၊ လိုးဝဲလ်၊ ချာရိုလင် စင်ရော်တို့ကို ကြည့်လိုက်စမ်း၊ သူတို့ကိုလည်း ထူးတယ်၊ မြတ်တယ်၊ ပါရမီရှိတယ်လို့ ဆိုဦးမှာလား၊ စင်စစ်တော့ သူတို့ဟာ ကျုပ်လို၊ ခင်ဗျားတို့လိုပါပဲ၊ ဘာမှ ပိုမထူးပါဘူး၊ ခင်ဗျားတို့နဲ့ သူတို့မှာ ခြားနားချက်တစ်ခုတည်းပဲရှိတယ်၊ တစ်ခုတည်းဆိုမှ တစ်ခုတည်းပဲ၊ အဲဒီခြားနားချက်ကတော့ သူတို့ဟာ သူတို့ကိုယ်သူတို့ စင်စစ်ဘာဖြစ်နေတယ်ဆိုတာ စနားလည်ကြပြီး အဲဒီနားလည်တဲ့ဟာကိုလည်း သူတို့ဟာ စပြီး လက်တွေ့ကျင့်သုံးနေကြတယ်'

ဖလက်ချာစင်ရော်မှတစ်ပါး အခြားစင်ရော်အားလုံးသည် နေမထိ၊ ထိုင်မသာ၊ တလှုပ်လှုပ်တရွရွ ဖြစ်ကုန်၏။ သူတို့လုပ်ကိုင်လာခဲ့ကြသမျှ အားလုံးသည် ဤသည်မှလွဲ၍ တခြားဘာမျှမဟုတ်ပါကလားဟု သူတို့ ခုမှ သဘောပေါက်ကြကုန်၏။

ငှက်များသည် အစုလိုက် အပြုံလိုက် နေ့စဉ်နေ့တိုင်းလာ၍ မေးခြင်း၊ ကြည်ညိုခြင်း၊ ပူဇော်ခြင်း၊ ရှုတ်ချခြင်း လုပ်ကြကုန်၏။

တစ်နံနက်တွင် အထက်တန်းအမြင့်ပျံပုံလေ့ကျင့်ခန်းပြီး၍ ဖလက်ချာက ယောနသံအား ဤသို့ ပြော၏။

'ခင်ဗျားဟာ မဟာစင်ရော်ကြီးရဲ့သားတော် ဟုတ်ရင် ဟုတ်၊ မဟုတ်ရင် နှစ်ပေါင်းတစ်ထောင် ရှေ့ရောက်နေတဲ့စင်ရော် ဖြစ်ရမယ်လို့ ငှက်အုပ်ထဲမှာ တီးတိုးပြောနေကြတာ ကြားခဲ့ရတယ်'

ယောနသံသည် သက်ပြင်းချလိုက်၏။ ဒါဟာ နားမလည်မှုရဲ့ ဘေးဒဏ်အပြစ်ဆိုးထင်ပါရဲ့၊ ပင်လယ်စင်ရော်တွေဟာ ခက်သားပဲ၊ သူတို့ဟာ မလိုတစ်မျိုး၊ လိုတစ်မျိုးကွ၊ လိုရင် သူတို့က မင်းကို ဘုရားလို့သမုတ်ကြမယ်၊ မလိုရင် မာရ်နတ်လို့ ခေါ်ကြပြန်တယ်၊ ဖလက်ချာ မင်းရော ဘယ်လိုထင်သလဲ၊ တို့ဟာ ခေတ်ရှေ့ရောက်နေကြသလား'

အတော်ကြာကြာအသံတိတ်နေပြီးမှ ဖလက်ချာက ဤသို့ ဖြေကြား၏။ 'ဒီလို ပျံပုံပျံနည်းမျိုးတွေဟာ သိသူဖော်စား မသိသူကျော်သွား ဆိုသလို၊ သိတဲ့သူ ဘယ်သူမဆိုဖော်စားနိုင်အောင် တစ်သက်လုံးရှိနေတာပဲ၊ အချိန်အခါ ခေတ်ဆိုတာနဲ့ ဘယ်လိုမှမသက်ဆိုင်ပါဘူး၊ အများကြိုက်ဖြစ်နေတဲ့ ဖက်ရှင်ရဲ့ရှေ့ရောက်နေမှုသာ ဖြစ်ချင်ဖြစ်မှာ၊ စင်ရော်အများစု ပျံပုံပျံနည်းရဲ့ ရှေ့ရောက်နေမှုပေါ့'

ယောနသံသည် ခဏမျှ ပက်လက်လျှောချရန် လှိမ့်လိုက်ပြီးလျှင် ဤသို့ပြော၏။ 'အေး . . . ဒါလည်း ဟုတ်တုတ်တုတ်ရယ်၊ ခေတ်ရဲ့ရှေ့ရောက်နေတယ်ဆိုတာ လောက်တော့ မဆိုးဘူးပေါ့'

နောက်ရက်သတ္တပတ်တစ်ပတ်အကြာတွင် ဤသို့ ဖြစ်၏။ အမြန်ပုံပျံနည်း၏မဟာဘုတ်အချက်များကို တပည့်အသစ်တစ်စုအား လုပ်ပြနေစဉ်တွင်ဖြစ်၏။ ဖလက်ချာသည် ပေခုနှစ်ထောင်အမြင့်မှ ထောင်လိုက်ဒိုင်ဗင်ထိုးချရာမှာ ရရှိသောအဟုန်အရှိန်ဖြင့် မီးခိုးရောင်အဆင်းရှိ ကျည်ဆန်တစ်ဆန်ပမာ သောင်ပြင်အထက် လက်မအနည်းငယ်အမြင့်တွင် အလျားလိုက်ပျံနေစဉ် ငှက်သူငယ်တစ်ကောင်သည် အမေ အမေဟုတစာစာ အော်လျက် ဖလက်ချာ၏လမ်းကြောင်းထဲသို့ တိုက်ရိုက်ကြီးဝင်ရောက်လာ၏။ ဖလက်ချာအဖို့ ရှောင်တိမ်းလိုက်ရန် တစ်စက္ကန့်၏ ဆယ်ဖို့တစ်ဖို့အချိန်သာ ရလိုက်၏။ ဖလက်ချာသည် တစ်နာရီလျှင် မိုင်နှစ်ရာကျော်နှုန်းဖြင့် ပျံလျက်သားဖြစ်နေရာမှ လက်ဝဲဘက်သို့ယူ၍ တိမ်းရှောင်လိုက်ရာ လိပ်သဲကျောက်ဖြင့် အတိပြီးသော ကမ်းပါးပြတ်တစ်ခုကို ဝင်တိုးမိလေ၏။

သူ့အဖို့ ကမ်းပါးပြတ်သည် အခြားသောဘုံတစ်ခု၏အဝတွင်ရှိသော မဟာရုံတံခါးကြီးနှယ် ဖြစ်၏။ ဝင်တိုးမိသောအခိုက်၌ ကြောက်ခြင်း၊ လန့်ခြင်း၊ မှောင်ခြင်း၊ မည်းခြင်း ဖြစ်၏။ သူသည် ထူးဆန်းသော ကောင်းကင်ပြင်တစ်မျိုးတွင် မေ့တစ်ခါ၊ သိတစ်လှည့်ဖြင့် လွင့်မျောလျက်ရှိ၏။ စိုးရွံ့ခြင်း ကြေကွဲဝမ်းနည်းခြင်းဖြစ်၏။

ယောနသံနှင့် သူ့ပထမဆုံးတွေ့ရသည့်နေ့၌ သူကြားခဲ့ရသောအသံကိုပင် ယခုပြန်ကြားရ၏။ 'တို့အလုပ်ရဲ့အထာက ဒီလိုကွ၊ တို့ဟာ တို့ရဲ့အကန့်အသတ်အချုပ်အချယ်တွေကို ကျော်နင်းနိုင်အောင် သေသေချာချာအစီအစဉ်နဲ့ စိတ်ရှည်ရှည်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့်ကြိုးစားရတာ၊ သင်တန်းအစီအစဉ်ရဲ့နောက်ပိုင်းအဆင့်ကိုမရောက်ခင် ခုလိုစောစောပိုင်းမှာ ကျောက်ဆောင်ကိုဖောက်ပြီးပျံတဲ့အတတ်မျိုးကို စမ်းကြည့်လေ့ကြည့်ထ မရှိဘူး'

'ဟော . . . ဆရာယောနသံပါလား'

'မဟာစင်ရော်ကြီးရဲ့သားတော်လို့လည်း ခေါ်ကြပါသေးတယ်ဗျာ'ဟု သူ့ဆရာယောနသံက ခပ်တည်တည်ပင် ခနဲ့လိုက်သေး၏။

ယောနသံစင်ရော်၏ အပိုင်း(၁၀)ကို
ဆက်လက်ဖော်ပြမည်။

www.free4readers.com

# နွားရိုင်းပေးတဲ့ငြိမ်းချမ်းရေးသင်ခန်းစာ










## လူမျိုးသုဉ်းရှင်းလင်းမှုတွေလုပ်နေတယ်ဆိုတဲ့ စွပ်စွဲချက်ကို ပယ်ချလိုက်တဲ့ ပါမောက္ခမာလေ

ကနေဒါနိုင်ငံရှိ ယော့ခ်တက္ကသိုလ်က လူ့အခွင့်အရေး ပါမောက္ခ မာလေဂျက်ကော့ဘ်က မြန်မာနိုင်ငံမှာ မွတ်စလင်တွေအပေါ် လူမျိုးသုဉ်းရှင်းလင်းမှုတွေ လုပ်နေတယ်ဆိုတဲ့စွပ်စွဲချက်ကို ပယ်ချလိုက်ပါတယ်။

ပါမောက္ခ မာလေဟာ အသက်(၁၈)နှစ်အရွယ်မှာ မြန်မာနိုင်ငံက ထွက်ခွာခဲ့သူ ဖြစ်ပြီး အခု လက်ရှိ ယော့ခ်တက္ကသိုလ်မှာ တန်းတူညီမျှရေး လေ့လာမှုဌာနမှာ သင်ကြားပို့ချနေတဲ့ ဆရာမတစ်ဦး ဖြစ်ပါတယ်။ သူအထူးပြုသင်ကြားတဲ့ ဘာသာရပ်တွေကတော့ လူတန်းစားညီမျှရေး၊ လူ့အခွင့်အရေး ဘာသာရပ်တွေ ပါဝင်ပါတယ်။

ပါမောက္ခ မာလေဟာ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၊ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့တွေရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုတွေကို တုံ့ပြန်ချေပရာမှာ ကျော်ကြားသူလည်း ဖြစ်ပါတယ်။

ကုလသမဂ္ဂမှာ အကျင့်ပျက်ခြစားမှုတွေရှိနေတယ်လို့လည်း ပြီးခဲ့တဲ့ စက်တင်ဘာတုန်းက သူ့ရဲ့ တွစ်တာ လူမှုကွန်ရက်စာမျက်နှာမှာရေးသားခဲ့ပါသေးတယ်။

မြန်မာ့တပ်မတော်ရဲ့ လုပ်ရပ်တွေဟာ ရက်စက်တယ်လို့ နိုင်ငံတကာက စွပ်စွဲမှုအပေါ် ပါမောက္ခ မာလေက

'ဟုတ်တယ်၊ မြန်မာ စစ်တပ် ဂျက်စက်တယ်ဆိုတာ အီရတ်မှာ အမေရိကန် ပြုမူသလို ပါ့။ အနောက်တိုင်းသားတွေဟာ သူတော်ကောင်း ယောင်ဆောင်ကြတယ်'လို့ တုံ့ပြန်ခဲ့ပါတယ်။

'လိုအပ်တဲ့ အထောက်အထားတွေမပါဘဲ ပေါ့ပေါ့လေး ရေးထားတဲ့စာတမ်း အများကြီးနဲ့ အလုပ်မလုပ်ဘူး၊ ရိုဟင်ဂျာတွေဟာ လူမဆန်စွာ မျိုးတုံး ရှင်းလင်းခံနေရတဲ့အကြောင်း ရေးထားတဲ့ ကျွန်တော်တို့ရဲ့ စာတမ်းအပေါ် လုံးဝယုံကြည်မှု ရှိတယ်' လို့ ကနေဒါနိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အတွင်းရေးမှူး အဲလက်စ်နီဗ်က ပါမောက္ခမာလေကို တုံ့ပြန်ပါတယ်။

ယော့ခ်က လုပ်တဲ့ လူ့အခွင့်အရေးနဲ့ တန်းတူညီမျှရေး ပရိုဂရမ်တွေမှာ ဦးဆောင်ခဲ့တော့ ဒီလို အခမ္ဘကျင့်မှုတို့၊ ဖိနှိပ်မှုတို့ဆိုတဲ့ စကားလုံးတွေအပေါ် သံသယဖြစ်စရာတွေ ရှိတယ်လို့ ပါမောက္ခမာလေက ရေးပါတယ်။ ပါမောက္ခ မာလေရဲ့ သုံးသပ်ချက်တွေအပေါ် လူ့အခွင့်အရေး လှုပ်ရှားသူတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အပြင်းအထန် ဝေဖန်မှုတွေ ရှိပါတယ်။

လူမျိုးသုဉ်း သတ်ဖြတ်တယ်ဆိုတဲ့ စကားရပ်ကို နိုင်ငံတကာအဖွဲ့အစည်းတွေက အသုံးပြုနေတဲ့ အပေါ်မှာလည်း ပါမောက္ခမာလေက မေးခွန်းထုတ်ခဲ့ပါတယ်။

'ကျွန်မကပညာရှင်ဆိုတော့ ရရှိတဲ့ အထောက်အထားတွေနဲ့ သုံးစွဲတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်အပေါ် မေးခွန်းထုတ်ရပါမယ်' လို့ သူက ပြောပါတယ်။

'လူ (၅)သိန်း နယ်စပ်ဖြတ်ကျော် ထွက်ပြေးတယ်၊ ဟုတ်တယ်။ မြန်မာနိုင်ငံက မွတ်စလင်တွေ အားလုံး ထွက်ပြေးကြတာလား၊ မဟုတ်ဘူး။ အဲဒီတော့ လူမျိုးသုဉ်း သတ်ဖြတ်တယ်ဆိုတာ ဘယ်လို ဖြစ်နိုင်သလဲ' လို့ ပါမောက္ခ မာလေက မေးခွန်းထုတ်ပါတယ်။

Credit: ကနောင်မြို့

×××

## နွားရိုင်းပေးတဲ့ငြိမ်းချမ်းရေးသင်ခန်းစာ

စပိန်နွားရိုင်းသတ်ကစားသမားအဖြစ်ကနေ နွားရိုင်းသတ်ပွဲ ဆန့်ကျင်တိုက်ဖျက်ရေးသမားဖြစ်သွားတဲ့ ဖြစ်ရပ်။

နွားရိုင်းသတ်သမားဟာ နွားရိုင်းကိုလှံချက်များစွာနဲ့ ထိုးနှက်ထားနိုင်ပေမယ့် တစ်ချိန်မှာတော့ နွားရိုင်းက သေချာပေါက် ဝှေ့သတ်နိုင်မယ့်အခြေအနေကို ဆိုက်ရောက်သွားတယ်။

ဒါပေမယ့် လှံချက်တွေနဲ့ အထိနာနေတဲ့နွားရိုင်းက တရားမျှတမှုကိုတောင်းဆိုသလို မျက်လုံးချင်းဆိုင်စိုက်ကြည့်တာကလွဲလို့ ဘာမှမလုပ်ခဲ့တာကြောင့် ကစားသမား အသက်ချမ်းသာရာ ရသွားတယ်။

သူဟာ တစ်ပြိုင်နက်တည်းပဲ ဒီကစားသမားဘဝကို စွန့်လွှတ်ဖို့ဆုံးဖြတ်လိုက်သလို ဒီနွားရိုင်းသတ်ပွဲကို ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားသူအဖြစ်ပါ ဆောင်ရွက်လာတယ်။

Credit : Kyaw Than

×××

## ပန်းဝင်ခါနီး ဘီးပေါက်သွားတဲ့ ပြိုင်ဘက် စက်ဘီးသမားကို ကျော်တက်ဖို့ ငြင်းဆန်ခဲ့သူ

စပိန်နိုင်ငံ ကန်တာဘရီယာမှာကျင်းပခဲ့တဲ့ စက်ဘီးပြိုင်ပွဲမှာ ဩဂုတ်စတင်းနာဗာရိုဟာ အဆင့် (၄) နေရာမှာ ရပ်တည်နေခဲ့ပြီး ပန်းဝင်ခါနီးအချိန်မှာ သူ့ရဲ့ ရှေ့မှာရပ်တည်နေတဲ့ပြိုင်ဘက် စက်ဘီး ဘီးပေါက်သွားတာကို တွေ့လိုက်ရပါတယ်။

ဘီးပေါက်သွားတဲ့စက်ဘီးသမား အစ္စမဲလ် အက်စ်တီဘန်ဟာ သူ့စက်ဘီးကိုပခုံးပေါ်တင်ပြီး ပန်းတိုင်ကို အပြေးသွားခဲ့တဲ့အချိန်မှာ နာဗာရိုက သူနင်းနေတဲ့ အရှိန်ကိုလျှော့ချလိုက်ပြီး ပြိုင်ဘက်ကိုကျော်တက်ဖို့ အခွင့်အရေးကို လက်လွှတ်ခံလိုက်ပါတယ်။

သူဟာ နောက်ကနေသာ စက်ဘီးကို ဖြည်းဖြည်းချင်းနင်းခဲ့ပြီး တတိယဆုကို ဘီးပေါက်ခဲ့တဲ့ အက်စ်တီဘန်ကိုပေးအပ်ခဲ့တဲ့အပြင် အက်စ်တီဘန်က အဲဒီဆုကို သူ့ကိုပေးဖို့ ကြိုးစားခဲ့တာကိုလည်း ငြင်းဆန်သွားခဲ့ပါတယ်။ ပြည်တွင်းသတင်းစာတစ်စောင်ကို သူပြောလိုက်တဲ့စကားလေးကိုပါ ဖြည့်စွက် ဘာသာပြန်ပေးပါရစေရှင်။

'ကျွန်တော် ဒီလိုမျိုးကြီးတော့ အနိုင်မလိုချင်ပါဘူး။ သူ့ကို ပန်းမဝင်ခင် ကျော်တက်လိုက်ရမှာဟာ ကျင့်ဝတ်ဖောက်ဖျက်ရာရောက်ပါတယ်'

Credit:DAM

www.free4readers.com

# …မရှိတဲ့သေနတ် (သို့မဟုတ်) အစိုးရရဲ့ မီဒီယာ

မိုးဟိန်း (သုရိယနေဝန်း)



…မျက်နှာဖုံးပုံ။





၁၉၈၉ ဇွန်လ (၅) ရက်နေ့က ပီကင်းမြို့ တိန့်အန်မင်ရင်ပြင်ရှိ ကျောင်းသားဆန္ဒပြပွဲကို ဖြိုခွင်းရန် ရောက်လာသော တင့်ကားရှေ့တွင် မတ်တတ်ရပ်ကာ ဆန္ဒပြနေသော တရုတ်ကျောင်းသားတစ်ဦး။



၂၀၁၅ ခုနှစ် လက်ပံတန်းရှိ ကျောင်းသားသပိတ်စခန်းကို ရဲတပ်ဖွဲ့မှ ဝင်ရောက်ဖြိုခွင်းနေပုံ။

အပေါ် ကမ္ဘာက တစ်ဖက်သတ်စွပ်စွဲမှုတွေ တောက်လျှောက်ခံခဲ့ရတာဖြစ်တယ်။

အဲဒီလို AI ရဲ့ကြေညာချက်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးကလက်မခံဘဲ ငြင်းဆိုလိုက်ပါတယ်။ အဲဒီခမောင်းဆိပ်ရွာလူသတ်ပွဲကို ARSA အဖွဲ့လုပ်ခဲ့တယ်ဆိုတာမဖြစ်နိုင်ကြောင်း အတင်းနားပိတ်ပြီး ငြင်းဆိုလိုက်တာပဲ ဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဟာ (၂၄) ရက်၊ မေလ ၂၀၁၈ခုမှာ ဒက္ကာမြို့မှာပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ 'AIရဲ့အစီရင်ခံစာဟာ ကျွန်တော်တို့ လုပ်ဆောင်ချက်တွေနဲ့ ထွက်ပြေးလာတဲ့ဘင်္ဂါလီတွေကို မြန်မာပြည်ပြန်ပို့နိုင်ရေးကိစ္စအပေါ် အကျိုးသက်ရောက်မှုရှိတယ်လို့ ကျွန်တော်မယုံကြည်ဘူးလို့ ထပ်ကြေညာလိုက်ပါသေးတယ်။'

AI ရဲ့ကြေညာချက်ကို အယ်ဂျားဇီးယား၊ CNN၊ AFP၊ CNA၊ Fox၊ News Channel၊ Sky News၊ The Straits Times၊ The Guardian၊ Daily Mail၊ The Dialy Star၊ The Independent၊ The Wall Street Journal၊ The Washington Post၊ The Times of India၊ Time၊ Bangkok Post စတဲ့ နိုင်ငံတကာသတင်းစာဌာနတွေနဲ့ ဂျာနယ်သတင်းစာတွေကလည်း တစ်ပြိုင်နက်ဖော်ပြခဲ့ကြပါတယ်။

xxx

## အစိုးရရဲ့မီဒီယာ (သို့မဟုတ်)ကျည်ဆန်မရှိတဲ့သေနတ် (သို့မဟုတ်) သကြီန်အမြောက်

ရခိုင်ဖြစ်စဉ်မှာ မြန်မာပြည်ခံလိုက်ရတာက မြန်မာပြည်က မီဒီယာတွေ အလွန်အားနည်းလို့ မထိရောက်လို့ ကမ္ဘာကို မပေါက်နိုင်တာက နံပါတ်တစ်ပဲ ဖြစ်ပါတယ်။

ဘင်္ဂါလီဆိုတာ စစ်တကောင်းနယ်က ဘင်္ဂလားဒေ့ရှ်တိုင်းရင်းသားမျိုးနွယ်စုတွေပါ။ သူတို့ထမင်းရှာစားဖို့ ရခိုင်ပြည်ထဲ နှစ်နဲ့ချီပြီး တဖြည်းဖြည်းခိုးဝင်လာခဲ့ကြသူတွေပါ။

၂၀၁၇ မှာ ARSA က ရဲစခန်း(၃၀)နဲ့ စစ်စခန်းတစ်ခု တစ်ပြိုင်နက်တည်းတိုက်တယ်။ တိုက်တာက နိုင်ဖို့တိုက်တာမဟုတ်ဘူး။ ပွဲဆူအောင် ဓာတ်ဆီလောင်းပေးတာ။ စစ်မြူဖို့တိုက်တာ။ သူတို့ဘင်္ဂါလီတွေ အစုလိုက်အပြုံလိုက်ထွက်ပြေးကြအောင် ပျားအုံကို တုတ်နဲ့ထိုးပေးလိုက်တာ၊ ပျားအုံကို မီးမြှိုက်ပေးလိုက်တာ။

ARSA ရဲ့လုပ်ကွက်က ထိရောက်သွားတယ်။ မြန်မာစစ်တပ်ကလည်း သူ့အလုပ်သူလုပ်တာပဲ။ ကိုယ့်မြန်မာပြည်သားတွေရဲ့ အသက်အိုးအိမ်ထိခိုက်လာလို့ ရခိုင်မြောက်မှာ တရားဥပဒေမရှိတော့လို့ ရဲတပ်ဖွဲ့နဲ့မနိုင်တော့လို့၊ သမ္မတထံက ခွင့်ပြုမိန့်တောင်းခံပြီးမှ စစ်တပ်က ရခိုင်မြောက်ပိုင်းထဲ နယ်မြေစိုးမိုးရေး၊ တရားဥပဒေစိုးမိုးရေးအတွက် သူဝင်ခဲ့တာ။ စစ်တပ်က သူ့အလုပ်သူလုပ်တဲ့အခါ ARSA ထောင်ထားတဲ့ထောင်ချောက်အတိုင်း ခိုးဝင်ဘင်္ဂါလီတွေကလည်း သူတို့အလုပ် သူတို့လုပ်ကြတော့တယ်။ အဲဒါက ဘူးသီးတောင်၊ မောင်တောဟာ သူတို့ဇာတိ၊ သူတို့အိမ်၊ သူတို့မွေးရပ်မဟုတ်ဘူး။ ခိုးဝင်လာခဲ့တဲ့အတွက် သူတို့ဇာတိပုံညာကို ပြန်ပြေးကြတယ်။ ဥပမာပေးရရင် ထိုင်းနိုင်ငံမှာ တရားမဝင်တွေ တရားဝင်တွေ အလုပ်လုပ်နေတဲ့ မြန်မာ(၁၀)သန်းလောက်အထိ ရှိတယ်။ ထိုင်းရဲက တရစပ်အဖမ်းအဆီးကြမ်းတာတို့၊ ရပ်ကွက်ထဲဝင်စစ်တာတို့၊ လမ်းပေါက်ပိတ်ပြီး စစ်တာတို့များလာရင် မြန်မာတိုင်းရင်းသားတွေ မဲဆောက်၊ တာချီလိတ်၊ ဘုရားသုံးဆူ၊ ရနောင်းဘက်ကို အစုလိုက်အပြုံလိုက် အိမ်ပြန်ပြေးကြတဲ့အဖြစ်မျိုးပဲ။

စစ်တပ်က သူ့အလုပ်သူလုပ်တဲ့အခါ ခိုးဝင်ဘင်္ဂါလီကလည်း သူ့ရပ်သူ့ရွာကို ပြန်ပြေးကြတယ်။ အခါတိုင်းနဲ့မတူဘဲ အစုလိုက်အပြုံလိုက်ထွက်ပြေးကြတဲ့ အကြောင်းရင်းက ရပ်ရွာတွေမစွန့်ခွာရင် ARSA ကမီးရှို့တယ်။ သတ်မယ်ဖြတ်မယ် ခြိမ်းခြောက်မှုတွေရှိလို့ အဓိကထွက်ပြေးကြတာက ခါတိုင်းနဲ့မတူဘဲ ဘာကြောင့် အလုံးအရင်းနဲ့ပြေးရသလဲဆိုတဲ့ နောက်ကွယ်က ARSA က ရဲစခန်း(၃၀)နဲ့ စစ်တပ်စခန်းတစ်ခုကို တိုက်ထားတဲ့အတွက် စစ်တပ်က သေချာပေါက်နယ်မြေကို အသေးစိတ်ရှင်းတော့မယ်ဆိုတဲ့ စိုးရိမ်မှုနဲ့ ARSA ရဲ့ ထွက်ပြေးဖို့ခြောက်လှန့်တာ နှစ်ခု ပေါင်းစုံသွားတယ်။

ပြေးကြတဲ့လူအုပ်ကြီးနဲ့ မိုးတွင်းရေတွေလျှံနေတဲ့ လယ်ကွင်းတွေ ချောင်းမြောင်းတွေကို ခက်ခက်ခဲခဲကူးနေကြတဲ့ဓာတ်ပုံတွေကို တစ်ဖက်က စီမံချက်ရှိရှိ ရည်ရွယ်ချက်ရှိရှိနဲ့ စောင့်ပြီး ဓာတ်ပုံကောင်းတွေရအောင် ရိုက်ပြီး ကမ္ဘာကိုတင်လိုက်တယ်။ လူအုပ်ကြီး ရေလျှံနေတဲ့ လယ်ကွင်းတွေထဲ ကူးဖြတ်နေတဲ့ပုံကို ဒရုန်းနဲ့ သေသေချာချာရိုက်ပြီး ကမ္ဘာကို တင်လိုက်တယ်။ အဲဒီပုံတွေ ပေါက်သွားတယ်။ ဒါနဲ့ ဘင်္ဂါလီဇာတ်လမ်းက ၂၁ ရာစုမှာ ဇာတ်အနာဆုံးလုပ်ဇာတ်ကြီးအဖြစ် မြင်တော့တယ်။

xxx

၁၉၆၀-၇၅ ဗီယက်နမ်စစ်ပွဲထဲမှာ တောင်ဗီယက်နမ်က (၉)နှစ်သမီးလေး Kim Puch အဝတ်အစားမပါဘဲ စစ်ပွဲထဲပြေးထွက်လာပုံကို အမေရိကန်သတင်းထောက်က ဓာတ်ပုံရိုက်နိုင်ပြီး တင်လိုက်တာ ကမ္ဘာမှာ ပေါက်သွားတယ်။ ဒီဓာတ်ပုံဟာ အမေရိကန်ပြည်တွင်းမှာ မဆီမဆိုင်စစ်ပွဲဆန့်ကျင်ရေးအုပ်စုတွေအတွက် အရေးပါတဲ့ ဓာတ်ပုံတစ်ပုံ ဖြစ်သွားတယ်။

တောင်ဆူဒန်ပြည်တွင်းစစ်ကြောင့် လူတွေငတ်ပြတ်နေတဲ့အချိန်မှာ ဆာလောင်ပြီး အစာငတ်လို့သေတော့မယ့် ကလေးတစ်ယောက်ကို သေမယ့်အချိန်စောင့်ပြီးစားမယ့် လင်းတကြီးရဲ့ပုံဟာ ကမ္ဘာကျော်သွားတယ်။ အဲဒီဓာတ်ပုံဆရာနဲ့ အဲဒီဓာတ်ပုံ ဓာတ်ပုံပူလစ်ဇာဆုရသွားတယ်။ နောက်ပိုင်း အဲဒီဓာတ်ပုံဆရာကို လူတွေက ဝိုင်းမေးကြတယ်။ အဲဒီကလေးငယ်လေးကို ကယ်နိုင်ခဲ့လားဆိုတော့ မကယ်နိုင်ခဲ့တဲ့ဓာတ်ပုံဆရာဟာ သူ့ကိုယ်သူသတ်သေသွားတယ်။

၁၉၈၉ခုနှစ် ပီကင်းမြို့ တိန့်အန်မင်ရင်ပြင်မှာ ကျောင်းသားဆန္ဒပြပွဲကို တရုတ်စစ်တပ်က သံချပ်ကာကားတွေနဲ့ ဝင်တိုက်ပြီးရှင်းတဲ့အခါ ကျောင်းသားခေါင်းဆောင်တစ်ဦး တင့်ကားရှေ့မှာမတ်တတ်ရပ်ပြီး လမ်းပိတ်ထားတဲ့ဓာတ်ပုံတစ်ပုံကြောင့် တရုတ်အစိုးရ ကမ္ဘာမှာ အကြီးအကျယ်သိက္ခာကျခဲ့ရပြီး ကမ္ဘာကျော်သွားတယ်။ ကမ္ဘာကို ကိုင်လှုပ်လိုက်တဲ့ ဓာတ်ပုံတွေပဲ။

ရခိုင်ပြည်မှာလည်း ဘင်္ဂါလီတွေထွက်ပြေးနေတဲ့ဓာတ်ပုံတွေကြောင့် ရခိုင်အရေးမှာ မြန်မာအစိုးရ၊ စစ်တပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံရိပ်ပါ အလွန်ထိခိုက်တဲ့အထိ ကမ္ဘာက အထင်လွဲသွားကြတယ်။

ဒါတွေအားလုံးဟာ မီဒီယာလက်နက်ကို OIC က ကောင်းကောင်းအသုံးပြုသွားတာပဲ ဖြစ်တယ်။ အနောက်အုပ်စုနဲ့ OIC က မီဒီယာလက်နက်နဲ့ အနိုင်တိုက်သွားခြင်းပါ။

မြန်မာအစိုးရအနေနဲ့ မီဒီယာလက်နက်ကို မသုံးတတ်ဘူး ဖြစ်နေတယ်။ မြန်မာအစိုးရလက်ထဲက မီဒီယာဟာ ကျည်ဆန်မရှိတဲ့သေနတ်ကြီးနဲ့ တရမ်းရမ်းလုပ်သလို ဖြစ်နေပါတယ်။ အစိုးရလက်ထဲက မီဒီယာကို ကမ္ဘာက အယုံအကြည်မရှိပါဘူး။ အစိုးရဆိုတာ သတင်းတွေပဲ ထုတ်ပြန်ရမှာဖြစ်ပြီး အဲဒီသတင်းထုတ်ပြန်ချက်တွေကို လွတ်လပ်တဲ့ပုဂ္ဂလိကမီဒီယာတွေကိုပေးပို့ဖို့ ထုတ်ပြန်ပေးဖို့ပဲ လုပ်ရမှာပဲဖြစ်ပါတယ်။ အစိုးရက သူ့အလုပ်သူလုပ်ရင် ပုဂ္ဂလိက်လွတ်လပ်တဲ့မီဒီယာတွေကလည်း သူတို့အလုပ် သူတို့လုပ်တတ်လာပြီး သူ့ကွင်းကိုယ့်ကွင်း၊ သူ့နေရာ ကိုယ့်နေရာမှာ သွားလာနိုင်မှာဖြစ်ပါတယ်။

လွတ်လပ်တဲ့ ပုဂ္ဂလိကမီဒီယာတွေကစားရမယ့်ကွင်းမှာ အစိုးရက ကျည်ဆန်မပါတဲ့သေနတ်ကြီးနဲ့ နေရာယူထားတဲ့အတွက် လမ်းပိတ်ဆို့ထားသလို ဖြစ်နေပါတယ်။ ဒီရခိုင်ဖြစ်စဉ်ဟာ အစိုးရရဲ့မီဒီယာတွေ လုံးဝအလုပ်မဖြစ်ဘူးဆိုတာ အကောင်းဆုံးသက်သေပါပဲ။

အစိုးရရဲ့မီဒီယာတွေ အမြန်ဆုံးရပ်ဆိုင်းသင့်ပါပြီ။ အစိုးရက ပုဂ္ဂလိကလွတ်လပ်တဲ့ပြည်တွင်းပြည်ပမီဒီယာတွေကို ပြုစုပျိုးထောင်ရေလောင်းပေါင်းသင်ပေးရပါမယ်။ အခုအချိန်မှာ အစိုးရက အစိုးရအလုပ်မလုပ်ဘဲ လွတ်လပ်တဲ့မီဒီယာတွေမှာအလုပ်ဝင်လုပ်နေဦးမယ်ဆိုရင် နောက်တစ်ပွဲမှာ ဒီထက်ပိုပြီးကြီးမားတဲ့ သင်ခန်းစာထပ်ကြုံတွေ့နိုင်ပါကြောင်း မေတ္တာရပ်ခံရေးသားအပ်ပါတယ်။

အစိုးရအနေနဲ့ ဖြစ်ပေါ်လာတဲ့သတင်းတွေအပေါ် သဘောထားရပ်တည်ချက်တွေ ကြေညာချက်တွေကို အချိန်မီလွတ်လပ်တဲ့မီဒီယာတွေသိအောင် မှန်မှန်ထုတ်ပြန်ပေးပါ။ နေပြည်တော်မှာတင်မဟုတ်ဘဲ လက်တွေ့ပြည်သူလူထုရဲ့ အဓိကမြို့တော်ဖြစ်နေတဲ့ ရန်ကုန်မှာလည်း သတင်းထုတ်ပြန်ပေးသင့်ပါတယ်။ ဒါဆို အစိုးရရဲ့ ထုတ်ပြန်ချက်ကို လွတ်လပ်တဲ့မီဒီယာတွေက ထင်မြင်ချက်တွေနဲ့ ရေးသားဖြန့်ချီကြမယ်ဆိုရင် မီဒီယာလောကဖွံ့ဖြိုးရှင်သန်ခွင့်လည်း ရလာပါလိမ့်မယ်။ အစိုးရလည်း ဂုဏ်သိက္ခာပိုမိုမြင့်မားလာနိုင်ကြောင်းနဲ့ အမျိုးသားရေးအန္တရာယ် အစိုးရနဲ့မီဒီယာပူးပေါင်းဖြေရှင်းကြပါစို့။

မိုးဟိန်း(သုရိယနေဝန်း)

www.free4readers.com

# မြန်မာပြည်ကို
# ဓာတ်ပုံနဲ့ တိုက်သွားတဲ့စစ်ပွဲ












## AI Amnesty International နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အာဆာအကြမ်းဖက်သမားများ၏ခါမောင်းဆိပ်ရွာ လူသတ်ပွဲနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

### Myanmar: New evidence reveals Rohingya armed group massacred scores in Rakhine State

**22 May 2018, 17:31 UTC**

A Rohingya armed group brandishing guns and swords is responsible for at least one, and potentially a second, massacre of up to 99 Hindu women, men, and children as well as additional unlawful killings and abductions of Hindu villagers in August 2017, Amnesty International revealed today after carrying out a detailed investigation inside Myanmar's Rakhine State.

Based on dozens of interviews conducted there and across the border in Bangladesh, as well as photographic evidence analyzed by forensic pathologists, the organization revealed how Arakan Rohingya Salvation Army (ARSA) fighters sowed fear among Hindus and other ethnic communities with these brutal attacks.

"Our latest investigation on the ground sheds much-needed light on the largely under-reported human rights abuses by ARSA during northern Rakhine State's unspeakably dark recent history," said Tirana Hassan, Crisis Response Director at Amnesty International.

Our latest investigation on the ground sheds much-needed light on the largely under-reported human rights abuses by ARSA during northern Rakhine State's unspeakably dark recent history. "saidTirana Hassan, Crisis Response Director at Amnesty International.

"It's hard to ignore the sheer brutality of ARSA's actions, which have left an indelible impression on the survivors we've spoken to. Accountability for these atrocities is every bit as crucial as it is for the crimes against humanity carried out by Myanmar's security forces in northern Rakhine State."

ဗုဒ္ဓံ ဓမ္မံ သံဃံ

www.free4readers.com

# သူရိယနေဝန်း

စနေနေ့တိုင်းထုတ်ဝေသည်

# THE SUN RAYS

Vol.1 No.200 WEEKLY NEWS JOURNAL 2nd June 2018

## ဓာတ်ပုံနဲ့တိုက်တဲ့ စစ်ပွဲ

မိုးဟိန်း (သူရိယနေဝန်း)



ဓာတ်ပုံဆရာ Kevin Carter ၁၉၉၃ ခုနှစ် ဆူဒန်နိုင်ငံတွင် ရိုက်ကူးခဲ့သော The Vulture and The Little Girl အမည် ဓာတ်ပုံ၊
ဤဓာတ်ပုံသည် ၁၉၉၄ခုနှစ် ပူလစ်ဇာဆုရရှိခဲ့ပြီး နောက်တစ်နှစ်တွင် ဓာတ်ပုံဆရာ Kevin Carter သည် မိမိကိုယ်ကို သတ်သေသွားခဲ့သည်၊

သေအံ့မူးမူး ကလေးငယ်နှင့် စားရန် စောင့်နေသော လင်းတ၊

## ကျည်ဆန်မရှိတဲ့သေနတ်

(သို့မဟုတ်)

## အစိုးရရဲ့ မီဒီယာ